# မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ

(၂၀၁၂ ခုနှစ်)

နှင့်

# မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေများ

# The Vacant, Fallow and Virgin Lands Management Law

# ( 2012 )

## မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ

## ( ၂၀၁၂ ခုနှစ် )

# Contents


| No | Particular | Page |
|---|---|---|
| | **The Vacant, Fallow and Virgin Lands Management Law** | |
| 1. | Chapter(1)<br>Title and Definition | 1 |
| 2. | Chapter(2)<br>Formation of Central Committee for the Management of Vacant, Fallow and Virgin Lands | 4 |
| 3. | Chapter(3)<br>Right to Cultivate or Utilize Vacant, Fallow and Virgin Lands | 5 |
| 4. | Chapter(4)<br>Stipulations Relating to the Right to Cultivate or Utilize Vacant, Fallow and Virgin Lands | 8 |
| 5. | Chapter(5)<br>Security Fees and Land Revenue | 12 |
| 6. | Chapter(6)<br>Terms and Conditions to be Complied by the Person who has the Right to Cultivate or Utilize Vacant, Fallow and Virgin Lands | 13 |
| 7. | Chapter(7)<br>Supervision | 14 |
| 8. | Chapter(8)<br>Supporting the Persons who have the Right to Cultivate or Utilize Vacant, Fallow and Virgin Lands | 17 |
| 9. | Chapter(9)<br>Offences and Penalties | 19 |
| 10. | Chapter(10)<br>Miscellaneous | 21 |


# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ** | |
| ၁။ | အခန်း(၁)<br>အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂)<br>မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီဖွဲ့စည်းခြင်း | ၄ |
| ၃။ | အခန်း(၃)<br>မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် | ၅ |
| ၄။ | အခန်း(၄)<br>မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များ | ၈ |
| ၅။ | အခန်း(၅)<br>အာမခံကြေးနှင့်မြေခွန် | ၁၂ |
| ၆။ | အခန်း(၆)<br>မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များ | ၁၃ |
| ၇။ | အခန်း(၇)<br>ကြီးကြပ်ခြင်း | ၁၄ |
| ၈။ | အခန်း(၈)<br>မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများအား ပံ့ပိုးဆောင်ရွက်ခြင်း | ၁၇ |
| ၉။ | အခန်း(၉)<br>ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၁၉ |
| ၁၀။ | အခန်း(၁၀)<br>အထွေထွေ | ၂၁ |

The Republic of the Union of Myanmar

Pyidaungsu Hluttaw

# The Vacant, Fallow and Virgin Lands Management Law

( 2012 )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုလွှတ်တော်

# မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ

( ၂၀၁၂ ခုနှစ် )

# The Vacant, Fallow and Virgin Lands Management Law

(The Pyidaungsu Hluttaw Law No.10/2012)

The $8^{th}$ Waxing Day of Tagu, 1373 M.E

($30^{th}$ March, 2012)

The Pyidaungsu Hluttaw hereby enacts this Law.

## Chapter I
## Title and Definition

1. This Law shall be called the Vacant, Fallow and Virgin Lands Management Law.

2. The following expressions contained in this law shall have the meanings given hereunder:

   (a) **Central Committee** means the Central Committee for the management of Vacant, Fallow and Virgin Lands;

   (b) **Ministry** means the Ministry of Agriculture and Irrigation of the Union Government;

   (c) **Department** means the Settlement and Land Records Department;

# မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ

(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀။)

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကိုမြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

   (က) **ဗဟိုကော်မတီ** ဆိုသည်မှာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီကို ဆိုသည်။

   (ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနကို ဆိုသည်။

   (ဂ) **ဦးစီးဌာန** ဆိုသည်မှာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ကို ဆိုသည်။

(d) **Working Group** means the group formed under this law for supporting the management of vacant, fallow and virgin lands;

(e) **Vacant Land, Fallow Land** means the land on which agriculture or livestock breeding business can be carried out and which was tenanted in the past and abandoned for various reasons and without any tenant cultivating on it and the lands which are specifically reserved by the State.

(f) **Virgin Land** means wild land and wild forest land whether on which there are trees, bamboo plants or bushes growing or not, or whether geographically (surface) topography of the land is even or not and being the new land on which cultivation has never been done, not even once. The said expression shall include the lands of forest reserve, grazing ground and fishery which have been legally nullified for the purposes of doing business of agriculture, livestock breeding, mineral production and other businesses permitted by the Government.



(ဃ) **လုပ်ငန်းအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်း အထောက်အကူပြု အဖွဲ့ကို ဆိုသည်။

(င) **မြေလွတ်၊ မြေလပ်** ဆိုသည်မှာ ယခင်က သီးစားခံယူ လုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူ လုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သည့် မြေများကို ဆိုသည်။

(စ) **မြေရိုင်း** ဆိုသည်မှာ သစ်ပင်၊ ဝါးပင် သို့မဟုတ် ချုံနွယ်များ ပေါက်ရောက်လျက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပထဝီမြေ အနေအထားအရ မြေမျက်နှာပြင် ညီညာမှုရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ကြိမ်တစ်ခါမျှ စိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်း မရှိသော မြေသစ်ဖြစ်သည့် မြေရိုင်းနှင့် တောရိုင်းမြေများကို ဆိုသည်။ ယင်းစကားရပ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း၊ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများ လုပ်ကိုင်ရန်အလို့ငှာ တရားဝင်ပယ်ဖျက်ပြီးဖြစ်သည့် ကြိုးဝိုင်း သစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများ လည်း ပါဝင်သည်။

(g) Security fees mean the advanced payment to be deposited or to be given as surety to the bank recognized by the Union Government, prescribed under this law according to the type of business to be carried out or used by the person who has the right to cultivate or utilize the vacant, fallow and virgin lands.

(h) **Land Revenue** means the land revenue which is the fixed rate payable to the State contained in the rules made under this law according to the type of business carried out or used by the person who has the right to cultivate or utilize the vacant, fallow and virgin lands.

(i) **Perennial plant** means the fruit trees and trees grown continuously and from which benefits can be obtained depending upon the kind of plant in a certain period of years.

(j) **Orchard** means various fruit trees which are cultivated continuously or mixed with others and are harvested repeatedly till the expiry of the life span without any replantation.



(ဆ) **အာမခံကြေး** ဆိုသည်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရသူက လုပ်ကိုင်မည့်၊ အသုံးပြုမည့် လုပ်ငန်းအလိုက်သတ်မှတ်ထားသော ကြိုတင်ကြေးငွေတစ်ရပ်ကို ပြည်ထောင်စုအစိုးရကအသိအမှတ်ပြုထားသော ဘဏ်တစ်ခုခု သို့အပ်နှံရန် သို့မဟုတ် အာမခံချက်ပေးရန် ဤဥပဒေများနှင့်အညီ သတ်မှတ်သော အာမခံကြေးငွေကို ဆိုသည်။

(ဇ) **မြေခွန်** ဆိုသည်မှာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရသူက လုပ်ကိုင်သည့်၊ အသုံးပြုသည့် လုပ်ငန်း အလိုက် နိုင်ငံတော်သို့ ပေးဆောင်ရန် နှုန်းထား သတ်မှတ်ချက်ကို ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေပါ မြေခွန်ကိုဆိုသည်။

(ဈ) **နှစ်ရှည်ပင်** ဆိုသည်မှာ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထား ပြီးအပင်အမျိုးအစားအလိုက် နှစ်ကာလတစ်ခုတွင် အကျိုး အမြတ် ရရှိနိုင်မည့်သီးပင်၊ သစ်ပင်များကို ဆိုသည်။

(ည) **ဥယျာဉ်ခြံသီးနှံ** ဆိုသည်မှာ တစ်ဆက်တစ်စပ်တည်းသော် လည်းကောင်း၊ ရောနှော၍ သော်လည်းကောင်း စိုက်ပျိုးထားပြီး အကြိမ်ကြိမ် ရိုးဆွတ်သော်လည်း အပင်သက်တမ်းကုန်သည် အထိ ပြန်လည်စိုက်ပျိုးရန် မလိုသည့် သစ်သီးဝလံပင်များကို ဆိုသည်။

(k) **Seasonal Crop** means the crops cultivated and harvested within the growing season and cultivated again on the prepared land after getting the income.

(l) **Mineral Production Business** means mineral production business defined in the Section 2 Sub-section (j) of Myanmar Mines Law.

(m) **Permit** means order permitting the right to cultivate or utilize the land by the Central Committee on the application for the right to cultivate or utilize vacant, fallow and virgin lands in accord with this Law.

## Chapter II

## Formation of Central Committee for the Management of Vacant, Fallow and Virgin Lands

3. The President of the Union:

(a) **shall form the Central Committee for the management of vacant, fallow and virgin lands;** consisting of Union Minister for the Ministry of Agriculture and Irrigation as Chairman, Director General of the Settlement and Land Records Department as Secretary, appropriate persons



(ဋ) **ရာသီသီးနှံ** ဆိုသည်မှာ စိုက်ပျိုးချိန်ရာသီ ကာလအတွင်း စိုက်ပျိုးရိတ်သိမ်း၍ ဝင်ငွေရရှိပြီးနောက် ထပ်မံမြေပြုပြင် စိုက်ပျိုးရသည့် သီးနှံကို ဆိုသည်။

(ဌ) **ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း** ဆိုသည်မှာ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ည)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော ဓာတ်သတ္တုထုတ်လုပ်ခြင်း ဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည်။

(ဍ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ဤဥပဒေနှင့်အညီ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီက လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုသည့် အမိန့်ကို ဆိုသည်။

## အခန်း(၂)

## မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီဖွဲ့စည်းခြင်း

၃။ နိုင်ငံတော်သမ္မတသည်-

(က) နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချ စီမံဆောင်ရွက်နိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ အဖြစ်

from the government departments concerned and other suitable persons as members, so as to enable to utilize, manage and carry out agriculture, livestock breeding, minerals production and other lawful businesses permitted by the Government on commercial scale by using the vacant, fallow and virgin lands effectively and properly for the economic development of the State.

(b) may reform the Central Committee, formed under Sub-section (a) as may be necessary.

## Chapter III

## Right to Cultivate or Utilize Vacant, Fallow and Virgin Lands

4. The Central Committee may permit the right to cultivate or utilize vacant, fallow and virgin lands within the State for the following businesses;

(a) agriculture

(b) livestock breeding

(c) mineral production

(d) other lawful businesses permitted by the Government.



လည်းကောင်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရ ဌာန အဖွဲ့အစည်းများမှ သင့်လျော်သည့် ပုဂ္ဂိုလ်များနှင့် အခြား သင့်လျော်သော ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းထားသောဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်း နိုင်သည်။

## အခန်း(၃)

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်

၄။ ဗဟိုကော်မတီသည် နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အောက်ဖော်ပြပါလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊အသုံးပြု ခွင့်ပြုနိုင်သည်-

(က) စိုက်ပျိုးရေးလုပ်ငန်း၊

(ခ) မွေးမြူရေးလုပ်ငန်း၊

(ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း၊

(ဃ) အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြား လုပ်ငန်းများ။

5. The following persons and organizations may, if desirous to obtain the right to cultivate or utilize vacant, fallow and virgin lands within the State for the businesses mentioned in Section 4, apply to the Central Committee in accordance with the stipulations:

(a) Myanmar citizen investors;

(b) Government departments, Government organizations and non-Government organizations;

(c) persons who are exempted in accord with Section 14 of the Transfer of Immoveable Property Restriction Law, 1987;

(d) investors, who obtained the permission to carry out the businesses of mutual benefit with any Government department or organization under the Foreign Investment Law;

(e) investors who obtained the permission to carry out the businesses of mutual benefit with investors of Myanmar citizen under the Foreign Investment Law.

6. The Central Committee shall in respect of matters applied under Section 5;



၅။ နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပုဒ်မ ၄ ပါ လုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိလိုပါက အောက်ပါ ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီသို့ လျှောက်ထားနိုင်သည် -

(က) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊

(ဂ) ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေ ပုဒ်မ ၁၄ နှင့် အညီ ကင်းလွတ်ခွင့်ပြုထားသူများ၊

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အကျိုးတူကိစ္စရပ်များအတွက် ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ၊

(င) မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူကိစ္စရပ်များအတွက် ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ။

၆။ ဗဟိုကော်မတီသည် ပုဒ်မ ၅ အရ လျှောက်ထားသည့် ကိစ္စများနှင့်စပ်လျဉ်း၍ -

(a) obtain the remark of the relevant Region or State Government.

(b) request the remark from the Ministry of Mines if it is for the business of mineral production and from the relevant Ministry if it is for other businesses contained in Sub-section (d) of Section 4.

(c) coordinate with the Ministry of Environmental Conservation and Forestry, other relevant Ministries so as not to damage forest areas which are the reserved forests and protected public forest and for conserving natural lands, watershed areas and natural fisheries.

(d) submit the required advice to the Union Government to enable to reclaim distinctly the land use policy of the State.

7. The Central Committee may allow the businesses applied for the right to cultivate or utilize vacant, fallow and virgin lands for making foreign investment with the approval of the Myanmar Investment Commission.

8. The Central Committee may, for enabling to use, manage and carry out the businesses applied for the right to cultivate or utilize vacant, fallow and virgin lands effectively and properly, permit or refuse the right to cultivate or utilize vacant, fallow and virgin lands.



(က) သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ကို ရယူရမည်။

(ခ) ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ဖြစ်ပါက သတ္တုတွင်းဝန်ကြီးဌာနမှ လည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဃ) ပါ အခြား လုပ်ငန်းအတွက် ဖြစ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာနမှ လည်းကောင်း သဘောထားတောင်းခံရမည်။

(ဂ) ကြိုးဝိုင်းတောနှင့် ကြိုးပြင် ကာကွယ်တောများ ဖြစ်သည့် သစ်တောနယ်မြေများကို ထိခိုက်ပျက်စီးမှု မရှိစေရေးနှင့် သဘာဝနယ်မြေများ၊ ရေဝေရေလဲဒေသများ၊ သဘာဝအင်းအိုင်များကို ထိန်းသိမ်းနိုင်ရေးတို့အတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သက်ဆိုင်ရာ အခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) နိုင်ငံတော်၏ မြေအသုံးချရေးမူဝါဒပီပြင်စွာ ဖော်ထုတ်နိုင်ရေးအတွက် လိုအပ်သော အကြံဉာဏ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၇။ ဗဟိုကော်မတီသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့်လုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။

၈။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့် လုပ်ငန်းများကို ထိရောက် မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်း သို့မဟုတ် ယင်းသို့ လုပ်ပိုင်ခွင့်၊အသုံးပြုခွင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

9. The Central Committee shall, when the right to cultivate or utilize vacant, fallow and virgin lands is permitted under Section 8, issue the permit after causing to pay security fees.

## Chapter IV
## Stipulations Relating to the Right to Cultivate or Utilize Vacant, Fallow and Virgin Lands

10. The Central Committee may, when permitting vacant, fallow and virgin lands for agriculture, livestock breeding and affiliated economic enterprises in respect of area of land:

(a) in the agricultural business;

(i) for perennial plant, permit not exceeding 5000 acres at a time. If 75 percent of the permitted acres have been fully carried out, permit again not exceeding 5000 acres at a time up to the total of 50000 acres, time after time. If the business which should be permissible for the interest of the State, permit more than 5000 acres at a time of acres that can actually be grown with the approval of the Union Government.



၉။ ဗဟိုကော်မတီသည် ပုဒ်မ ၈ အရ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်းပြုသည့်အခါ အာမခံကြေးပေးသွင်းစေပြီး ခွင့်ပြုမိန့်ထုတ်ပေးရမည်။

## အခန်း (၄)
## မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များ

၁၀။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့်ဆက်နွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက် ခွင့်ပြုသည့်အခါ မြေဧရိယာနှင့် စပ်လျဉ်း၍-

(က) စိုက်ပျိုးရေးလုပ်ငန်းတွင် -

(၁) နှစ်ရှည်ပင်ဖြစ်ပါက တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက် မပိုစေဘဲ ခွင့်ပြုနိုင်သည်။ ခွင့်ပြုထားပြီးသည့်ဧက၏ ၇၅ ရာခိုင်နှုန်းကို အပြည့်အဝ လုပ်ကိုင်ဆောင်ရွက်ပြီး ဖြစ်ပါက ထပ်မံ၍ တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက် မပိုစေဘဲ စုစုပေါင်းဧက ၅၀၀၀၀ အထိ အကြိမ်ကြိမ် ခွင့်ပြုနိုင်သည်။ နိုင်ငံတော်အကျိုးအလို့ငှာ ခွင့်ပြုသင့်သော လုပ်ငန်းဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တစ်ကြိမ်တည်းတွင် ဧက ၅၀၀၀ ထက်ပို၍ အမှန်တကယ် စိုက်ပျိုးနိုင်မည့်ဧကအား ခွင့်ပြုနိုင်သည်။

(ii) for orchard, permit not exceeding 3000 acres.

(iii) for industrial seasonal crops, permit not exceeding 5000 acres at a time. If 75 percent of the permitted acres have been fully carried out, permit again not exceeding 5000 acres at a time up to the total of 50000 acres time after time. If the business which should be permissible for the interest of the State, permit more than 5000 acres at a time with the approval of the Union Government.

(iv) administer to enable one of the respective regional organization to permit not exceeding 50 acres of vacant, fallow and virgin land for the rural cultivators and persons desirous of carrying out agriculture on manageable family-sized scale.

(b) in the livestock breeding, poultry farming and aquaculture businesses;

(i) for the breeding of fish, prawn and crab, permit not exceeding 1000 acres;



(၂) ဥယျာဉ်ခြံသီးနှံဖြစ်ပါက ဧက ၃၀၀၀ ထက် မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(၃) စက်မှုကုန်ကြမ်း ရာသီသီးနှံဖြစ်ပါက တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။ ခွင့်ပြုထားသည့်ဧကကို ၇၅ ရာခိုင်နှုန်း အပြည့်အဝ လုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ပါက ထပ်မံ၍ တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက်မပိုစေဘဲ စုစုပေါင်း ဧက ၅၀၀၀၀ အထိ အကြိမ်ကြိမ် ခွင့်ပြုနိုင်သည်။ နိုင်ငံတော် အကျိုးအလို့ငှာ ခွင့်ပြုသင့်သောလုပ်ငန်းဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တစ်ကြိမ်တည်းတွင် ဧက ၅၀၀၀ ထက်ပို၍ ခွင့်ပြုနိုင်သည်။

(၄) ကျေးလက်ဒေသ တောင်သူ လယ်သမားများနှင့် မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး လုပ်ကိုင်လို သူများအတွက် ၅၀ ဧက ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို သက်ဆိုင်ရာ ဒေသအဖွဲ့အစည်း တစ်ခုခုက ခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်သည်။

(ခ) မွေးမြူရေးလုပ်ငန်းတွင် -

(၁) ငါး၊ ပုစွန်၊ ကဏန်း မွေးမြူရေးဖြစ်လျှင် ဧက ၁၀၀၀ ထက် မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ii) for the livestock breeding and poultry farming;

(aa) for buffalo, cattle, horse, permit not exceeding 2000 acres;

(bb) for sheep, goat, permit not exceeding 500 acres;

(cc) for poultry, pig, duck, quail, permit not exceeding 300 acres.

(iii) if it is the breeding not involved in clause (i) and (ii), permit the suitable acres.

(c) for the mineral production business permit in coordination with the Ministry of Mines of the Union Government.

(d) for other lawful businesses permitted by the government permit in coordination with the respective Ministry of the Union Government.

11. The Central Committee, may when permitting vacant, fallow and virgin lands for the agriculture, livestock breeding and affiliated economic enterprises in respect of the period:

(a) in the agricultural business;

(i) for perennial plant and orchard, permit not exceeding 30 years commencing from the year of permission;



(၂) တိရစ္ဆာန်မွေးမြူရေးဖြစ်လျှင် -

(ကက) ကျွဲ၊ နွား၊ မြင်း မွေးမြူရေးဖြစ်ပါက ဧက ၂၀၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ခခ) သိုး၊ ဆိတ် မွေးမြူရေးဖြစ်ပါက ဧက ၅၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ဂဂ) ကြက်၊ ဝက်၊ ဘဲ၊ ငုံး မွေးမြူရေး ဖြစ်ပါက ဧက ၃၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့တွင် အကျုံးမဝင်သော မွေးမြူရေးလုပ်ငန်းဖြစ်ပါက သင့်လျော်သော ဧကကို ခွင့်ပြုနိုင်သည်။

(ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းတွင် ပြည်ထောင်စုအစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။

(ဃ) အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြား လုပ်ငန်းများတွင် ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာ ဝန်ကြီး ဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။

၁၁။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းတို့နှင့် ဆက်နွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက် ခွင့်ပြုသည့်အခါ အချိန်ကာလနှင့် စပ်လျဉ်း၍ -

(က) စိုက်ပျိုးရေးလုပ်ငန်းတွင် -

(၁) နှစ်ရှည်ပင်နှင့် ဥယျာဉ်ခြံသီးနှံဖြစ်လျှင် စတင်ခွင့်ပြုသည့် နှစ်မှစ၍ နှစ်ပေါင်း ၃၀ ထက် မပိုစေဘဲ ခွင့်ပြု နိုင်သည်။

(ii) for seasonal crops, permit so long as there is no breach of the stipulated terms and conditions.

(b) in the breeding business, permit not exceeding 30 years commencing from the year of permission.

(c) permit to extend not exceeding 30 years in total time after time depending upon the type of business, for the business desirous of further continuation after the expiry of the permitted period under Sub-section(a) of clause (i) and Sub-section(b).

(d) for the mineral production business permit in coordination with the Ministry of Mines of the Union Government.

(e) for other lawful businesses permitted by the Government permit, in coordination with the respective Ministry of Union Government.

12. The Central Committee may, when the investors granted under the foreign investment law or organization consisting of the investors granted under the foreign investment law, apply for obtaining the right to cultivate or utilize the vacant, fallow and virgin lands, permit after scrutiny only the businesses which are unable to be carried out by the citizens.



(၂) ရာသီသီးနှံဖြစ်လျှင် သတ်မှတ်သော စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ ခွင့်ပြုရမည်။

(ခ) မွေးမြူရေးလုပ်ငန်းတွင် စတင်ခွင့်ပြုသည့် နှစ်မှစ၍ နှစ်ပေါင်း ၃၀ ထက် မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် ပုဒ်မခွဲ (ခ) တို့အရ ခွင့်ပြုထားသော သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်ဆောင်ရွက်လိုသောလုပ်ငန်းအတွက် လုပ်ငန်းအမျိုးအစား ပေါ်မူတည်ပြီးထပ်မံ၍ စုစုပေါင်း နှစ်ပေါင်း ၃၀ ထက် မပိုစေဘဲ အကြိမ်ကြိမ် ခွင့်ပြုနိုင် သည်။

(ဃ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းတွင် ပြည်ထောင်စုအစိုးရ၊ သတ္တုတွင်း ဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။

(င) အစိုးရက ခွင့်ပြုထားသော ဥပဒေ နှင့်ညီညွတ်သည့် အခြားလုပ်ငန်းများတွင် ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။

၁၂။ ဗဟိုကော်မတီသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများပါဝင်သည့်အဖွဲ့အစည်းက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားလာပါက နိုင်ငံသားများ ဆောင်ရွက်နိုင်စွမ်းမရှိသော လုပ်ငန်းများသာ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်ရန် စိစစ်ခွင့်ပြုရမည်။

## Chapter V
## Security Fees and Land Revenue

13. The Central Committee shall determine the rate of security fees to be paid by the person who has obtained the right to cultivate or utilize the vacant, fallow and virgin lands in accordance with the type of business.

14. The Central Committee shall determine the rate of land revenue to be levied for the right to cultivate or utilize the vacant, fallow and virgin lands and the appropriate period to be exempted from Land Revenue depending upon the type of business and kind of crops.

15. The department shall;

(a) levy and collect the land revenue from the person who has the right to cultivate or utilize the vacant, fallow and virgin lands commencing from the day of the expiry of the exempted period of Land Revenue according to the type of business and kind of crops.

(b) supervise and inspect the payment of Land Revenue made by the person who has the right to cultivate or utilize the vacant, fallow and virgin lands.



## အခန်း (၅)
## အာမခံကြေးနှင့် မြေခွန်

၁၃။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လုပ်ငန်းအမျိုးအစားအလိုက် ပေးသွင်းရမည့် အာမခံကြေး နှုန်းထားကို သတ်မှတ်ရမည်။

၁၄။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် ကောက်ခံမည့် မြေခွန်နှုန်းထားနှင့် သင့်တင့်သော မြေခွန် ကင်းလွတ်ခွင့်ပြုသည့် ကာလကို လုပ်ငန်းအမျိုးအစား၊ သီးနှံအမျိုးအစား အလိုက် သတ်မှတ်ရမည်။

၁၅။ ဦးစီးဌာနသည်-

(က) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူထံမှ မြေခွန်ကို လုပ်ငန်းအမျိုးအစား၊ သီးနှံအမျိုး အစား အလိုက် မြေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးသည့်နေ့မှစ၍ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းပြုရမည်။

(ခ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူ၏ မြေခွန်ပေးသွင်းခြင်းကို ကြီးကြပ်စစ်ဆေးရမည်။

## Chapter VI

## Terms and Conditions to be Complied by the Person who has the Right to Cultivate or Utilize Vacant, Fallow and Virgin Lands

16. The person who has the right to cultivate or utilize vacant, fallow and virgin lands shall;

(a) carry out only the type of business permitted and affiliated economic enterprises.

(b) reclaim and carry out the permitted land until the completion of business according to the stipulation within 4 years starting from the day of permission. For the lapse of the prescribed period due to natural disasters or unstable situation, central committee may revise the stipulated term.

(c) not mortgage, gift, sell, lease or transfer by other means or divide the permitted Vacant, Fallow and Virgin Lands without the permission of the Union Government.

(d) pay up the land revenue for vacant, fallow and virgin lands, which he has the right to cultivate or utilize .

(e) comply with the conditions relating to the right to cultivate or utilize the vacant, fallow and virgin lands prescribed by the Central Committee.



## အခန်း (၆)

## မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များ

၁၆။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူသည် -

(က) ခွင့်ပြုထားသည့် လုပ်ငန်းအမျိုးအစားနှင့် ယင်းနှင့် ဆက်နွယ်လျက်ရှိသော စီးပွားရေး လုပ်ငန်းကိုသာ လုပ်ကိုင်ရမည်။

(ခ) လုပ်ပိုင်ခွင့်ရမြေကို စတင်ခွင့်ပြုသည့်နေ့မှစ၍ ၄ နှစ် အတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်းပြီးစီးသည်အထိ ဖော်ထုတ်လုပ်ကိုင်ရမည်။ သဘာဝဘေးအန္တရာယ်ကြောင့်သော် လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြားအခြေအနေကြောင့်သော်လည်းကောင်း၊ ကုန်လွန်သွားသည့် အချိန်အတွက် သတ်မှတ်ကာလကို ဗဟိုကော်မတီမှ ပြန်လည်ပြင်ဆင် သတ်မှတ်ပေးနိုင်သည်။

(ဂ) ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက် မရရှိဘဲ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ အငှားချထားခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် ခွဲစိတ်ခြင်း မပြုရ။

(ဃ) မိမိ လုပ်ကိုင်ခွင့် ရရှိသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအတွက် မြေခွန်ကို အပြေအကျေ ပေးဆောင်ရမည်။

(င) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြု ခွင့်နှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

(f) not extract other natural resources above or below the ground except the permitted business.

(g) when acquiring the required land area from the land permitted in the event of finding the natural resources within the permitted land and the Government is desirous to extract commercially, shall return as directed by the Union Government.

## Chapter VII
## Supervision

17. The Central Committee may form the working groups and specific bodies in respective Region and State, stipulate their functions and duties to scrutinize and coordinate the submitted matters concerning the right to cultivate or utilize the vacant, fallow and virgin lands.

18. The Central Committee shall form the special body collectively consisting of respective departments from time to time and confer the power to inspect whether or not the person who has the right to cultivate or utilize the vacant, fallow and virgin lands is implementing the business according to the stipulated conditions.



(စ) ခွင့်ပြုချက် ရယူထားသော လုပ်ငန်းမှအပ မြေပေါ် မြေအောက်ရှိ အခြားသယံဇာတပစ္စည်းများကို ထုတ်ယူခြင်း မပြုရ။

(ဆ) ခွင့်ပြုထားသောမြေအတွင်း သယံဇာတပစ္စည်းများ တွေ့ရှိ၍ နိုင်ငံတော်အစိုးရက စီးပွားဖြစ် ထုတ်လုပ်လိုသဖြင့် ခွင့်ပြုထားသော မြေဧရိယာအနက် လိုအပ်မည့် မြေဧရိယာကို ပြန်လည်သိမ်းယူသည့်အခါ ပြည်ထောင်စုအစိုးရက ညွှန်ကြားထားသည့်အတိုင်း ပြန်လည်အပ်နှံရမည်။

## အခန်း (၇)
## ကြီးကြပ်ခြင်း

၁၇။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ တင်ပြလာသည့် ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ကိုင်နိုင်ရန် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အသီးသီးတွင် လုပ်ငန်းအဖွဲ့များနှင့် သီးခြားအဖွဲ့များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များအား သတ်မှတ်ပေးရမည်။

၁၈။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ခြင်း ရှိ မရှိ ကို စစ်ဆေးရန် သက်ဆိုင်ရာဌာနများ စုပေါင်းပါဝင်သော အထူးအဖွဲ့ကို အခါအားလျော်စွာ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

19. The Central Committee shall have the right to acquire the required minimum land area from the permitted vacant, fallow and virgin lands if one of the following conditions arises:

(a) if the ancient cultural heritages are found in the permitted vacant, fallow and virgin lands;

(b) if infrastructure project or special project is required to be implemented for the interest of the State;

(c) if different resources other than the permitted type of metal is found in the permitted vacant, fallow and virgin lands for the mineral production business;

(d) if the mineral resources are found in the vacant, fallow and virgin lands permitted to carry out the business contained in Section 4, Sub-section(a), (b) and (c).

20. The Central Committee shall for acquiring the permitted vacant, fallow and virgin lands under Section 19, coordinate with the respective department and organizations to enable to obtain the expenditures actually invested by the person who has the right to cultivate or utilize within the appropriate specified period by calculating the current value with the approval of Union Government.



၁၉။ ဗဟိုကော်မတီသည် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအနက်မှ လိုအပ်မည့် အနည်းဆုံးမြေဧရိယာကို ပြန်လည်ရယူပိုင်ခွင့်ရှိသည် -

(က) ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ တွေ့ရှိခြင်း၊

( ခ ) နိုင်ငံတော်အကျိုးငှာ အခြေခံအဆောက်အအုံ စီမံကိန်း လုပ်ငန်း သို့မဟုတ် အထူးစီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်ခြင်း၊

( ဂ ) ဓာတ်သတ္တု ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ခွင့်ပြု ထားသော သတ္တုအမျိုးအစားမှအပ အခြားသယံဇာတ ပစ္စည်းတွေ့ရှိခြင်း၊

(ဃ) ပုဒ်မ ၄၊ ပုဒ်မခွဲ(က)၊ (ခ) နှင့် (ဃ) တို့ပါ လုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများတွင် သယံဇာတပစ္စည်းတွေ့ရှိခြင်း။

၂၀။ ဗဟိုကော်မတီသည် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပုဒ်မ ၁၉ အရ ပြန်လည်ရယူခြင်းအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက အမှန်တကယ် ရင်းနှီးမြှုပ်နှံထားသည့် ကုန်ကျစရိတ်ငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကာလတန်ဖိုးတွက်ချက်၍ သင့်လျော်သည့် သတ်မှတ်ကာလအတွင်း လျော်ကြေးရရှိစေရန် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

21. The Central Committee has the right to confiscate the original deposited security fees as the State finance and shall also revoke the right to cultivate or utilize if it is found that one of the conditions contained in this law is violated by the person who has the right to cultivate or utilize vacant, fallow and virgin lands.

22. The person and Organization having the right to cultivate or utilize under the permit of the Central Committee for the management of culturable land, fallow land and waste land before the enactment of this law shall;

(a) submit to the Central Committee after compilation of record describing the area of permitted vacant, fallow and virgin lands, the date of issue and letter number of permission fully, the area actually reclaimed, carried out and used and the rest of the area with irrefutable evidence attached with the photographic records.

(b) comply with and carry out in accord with this Law relating to the vacant, fallow and virgin lands reclaimed, carried out and used.



၂၁။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက ဤဥပဒေပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း တွေ့ရှိလျှင် မူလပေးသွင်းထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိသည်။

၂၂။ ဤဥပဒေ မပြဋ္ဌာန်းမီ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည်-

(က) ခွင့်ပြုမိန့်ရရှိထားသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း ဧရိယာ၊ ခွင့်ပြုမိန့် ထုတ်ပြန်သည့် ရက်စွဲနှင့်စာအမှတ် တို့ကို ပြည့်စုံစွာ ဖော်ပြပြီး အမှန်တကယ် ဖော်ထုတ်လုပ်ကိုင် အသုံးပြုပြီးသော ဧရိယာနှင့် ကျန်ရှိနေသော ဧရိယာတို့ကို အထောက်အထား ခိုင်လုံစွာဖြင့် ဓာတ်ပုံမှတ်တမ်းများ ပူးတွဲလျက် မှတ်တမ်းပြုစုပြီးဗဟိုကော်မတီသို့ တင်ပြရမည်။

(ခ) ဖော်ထုတ်လုပ်ကိုင် အသုံးပြုပြီးဖြစ်သော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(c) be deemed that the State has confiscated the vacant, fallow and virgin lands which are not yet reclaimed, carried out and used after the expiry of the original permitted period.

(d) If it is found the failure of carrying out the business in accord with the stipulated terms and conditions or the violation of terms and conditions within the original permitted period, security fees shall be confiscated as the State finance and the right to cultivate or utilize vacant, fallow and virgin lands shall be revoked.

## Chapter VIII
## Supporting the Persons who have the Right to Cultivate or Utilize Vacant,Fallow and Virgin Lands

23. The Central Committee may:

(a) support necessary assistance if the person who has the right to cultivate or utilize vacant, fallow and virgin lands, communicates and makes requests for technology, quality seeds or breeds and other support for agriculture or livestock breeding.



(ဂ) မူလခွင့်ပြုကာလထက် ကျော်လွန်သည့်အထိ ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်း မရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်က ပြန်လည်သိမ်းယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) မူလခွင့်ပြုကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချက်ကို ချိုးဖောက်ကြောင်း တွေ့ရှိပါက အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခံရမည့်အပြင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်းခံရမည်။

## အခန်း(၈)
## မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများအား ပံ့ပိုးဆောင်ရွက်ခြင်း

၂၃။ ဗဟိုကော်မတီသည် -

(က) မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေး လုပ်ငန်း အတွက် နည်းပညာ၊ မျိုးကောင်းမျိုးသန့်နှင့် အခြားပံ့ပိုးမှုများကို ဆက်သွယ်တောင်းခံလာလျှင် လိုအပ်သလို ကူညီပံ့ပိုး ပေးနိုင်သည်။

(b) scrutinize and recommend to the relevant department and organization if the person who has the right to cultivate or utilize vacant, fallow and virgin lands is desirous to obtain loans for investment or supporting material and services for assistance.

(c) recommend to the relevant Ministry for obtaining special loan from the State, after the person who has the right to cultivate or utilize vacant, fallow and virgin lands, has implemented and carried out the business and incurs the serious damage or losses due to natural disaster, such as storm.

24. The Central Committee shall refund the security fees to persons who have the right to cultivate or utilize vacant, fallow and virgin land, who have implemented the business completely in accord with terms and conditions within the stipulated period.

25. The Central Committee shall:

(a) if the person who has the right to cultivate or utilize submits that he has suffered the dispute, obstruction, trespass and mischief by local cultivators in implementing the business, coordinate with the relevant department or organization firstly. If the coordination is not settled, it shall be carried out in accord with law.



(ခ) မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက ရင်းနှီးမြှုပ်နှံမှုအတွက် ချေးငွေများ ရရှိလိုလျှင်လည်းကောင်း၊ ပံ့ပိုးပစ္စည်းနှင့် ဝန်ဆောင်မှု အကူအညီ ရရှိလိုလျှင် လည်းကောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသို့ စိစစ်ထောက်ခံပေးနိုင်သည်။

(ဂ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးနောက် မုန်တိုင်းကျရောက်ခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက နိုင်ငံတော်မှ အထူးချေးငွေရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ထောက်ခံပေးနိုင်သည်။

၂၄။ ဗဟိုကော်မတီသည် သတ်မှတ်ကာလအတွင်း စည်းကမ်းချက်များနှင့်အညီ ပြီးစီးသည်အထိ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများအား အာမခံကြေး ပြန်လည်ထုတ်ပေးရမည်။

၂၅။ ဗဟိုကော်မတီသည်-

(က) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူကလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသခံတောင်သူလယ်သမားများနှင့် အငြင်းပွားခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက် လုပ်ကိုင်ခြင်း၊ အကျိုးဖျက်ဆီးခြင်းများ ပြုလုပ်ခံရကြောင်း တင်ပြလာလျှင် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ဦးစွာညှိနှိုင်းပေးရမည်။ ညှိနှိုင်း၍မရပါက ဥပဒေအတိုင်း ဆောင်ရွက်ရမည်။

(b) if the land previously have been being cultivated by local cultivators are included in the area of permitted vacant, fallow and virgin lands even if they do not have the legal right to cultivate, negotiate and carry out on their volition so as not to suffer.

(c) if there are cultivators who already had the right to cultivate on the permitted vacant, fallow and virgin lands, cause to continue to carry out according to law with bi-lateral agreement.

## Chapter IX

## Offences and Penalties

26. Whoever commits mischief relating to property on the land having the right to cultivate or utilize vacant, fallow and virgin lands under this law shall, on conviction, be punished with imprisonment for a term not exceeding three years or with fine not exceeding ten hundred thousand kyats or with both.



(ခ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ချထားပေးသော မြေဧရိယာ အပေါ်တွင် ယခင်ကတည်းက လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသော ဒေသခံတောင်သူလယ်သမားများ၏ စိုက်ပျိုးမြေများ ပါဝင်နေပါက တရားဝင် လုပ်ကိုင်ခွင့် ရရှိထားခြင်း မရှိသည့်တိုင် နစ်နာမှုမရှိစေရန် ယင်းတို့၏ ဆန္ဒအပေါ် ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

(ဂ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ချထားပေးသော မြေဧရိယာ အပေါ်တွင် ယခင်ကတည်းက လုပ်ကိုင်ခွင့် ရရှိထားပြီးသော တောင်သူလယ်သမားများ ရှိပါက ၎င်းတို့နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်စေရမည်။

## အခန်း (၉)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၆။ မည်သူမဆို ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရှိသော မြေပေါ်ရှိပစ္စည်းနှင့်စပ်လျဉ်း၍ အကျိုးဖျက်ဆီးကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

27. Whoever trespasses and carried out on the lands having the right to cultivate or utilize vacant, fallow and virgin lands under this law without permission of the person who has the right to cultivate or utilize vacant, fallow and virgin lands or the person who is responsible on his behalf shall, on conviction, be punished with imprisonment for a term not exceeding two years or with fine not exceeding five hundred thousand kyats or with both.

28. Whoever obstructs the implementation of business on the land having the right to cultivate or utilize vacant, fallow and virgin lands under this law, of the person who has the right to cultivate or utilize vacant, fallow and virgin lands or of the person who carries out under the permission of such person shall, on conviction, be punished with imprisonment for a term not exceeding one year or with fine not exceeding three hundred thousand kyats or with both.

29. Whoever fails to leave from the land, which right to cultivate or utilize vacant, fallow and virgin lands under this law is revoked shall, on conviction, be punished with imprisonment for a term not exceeding one year or with fine not exceeding three hundred thousand kyats or with both.



၂၇။ မည်သူမဆို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူကသော် လည်းကောင်း၊ ယင်း၏ကိုယ်စား တာဝန်ရှိသူကသော် လည်းကောင်း ခွင့်ပြုခြင်းမရှိဘဲ ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရှိသောမြေတွင် ဝင်ရောက်ကျူးကျော် လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ် နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သူမဆို မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူကိုဖြစ်စေ၊ ထိုသူ၏ သဘောတူခွင့်ပြုချက်အရ လုပ်ကိုင်သူကို ဖြစ်စေ၊ ဤဥပဒေအရ မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရှိသောမြေတွင် လုပ်ငန်းဆောင်ရွက်မှုကို ဟန့်တားနှောင့်ယှက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၉။ မည်သူမဆို ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပြန်လည်ရုပ်သိမ်းထားသည့်မြေပေါ်မှ ထွက်ခွာဖယ်ရှားပေးရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည်။

## Chapter X
## Miscellaneous

30. The offences contained in Chapter IX shall be deemed as cognizable offences.

31. The Central Committee may cause the person who has the right to cultivate or utilize vacant, fallow and virgin lands to submit the situation of implementation and completion of the business in accord with the stipulations.

32. The Central Committee shall submit the implementation relating to the management of vacant, fallow and virgin lands once in six months to the Union Government. If policy-related matter arises to accept the decision, it shall be submitted to the President systematically and accept guidance.

33. The Central Committee formed under this law shall succeed the functions and duties of the former Central Committee for the management of cultivable land, fallow land and waste land formed before the enactment of this Law.



## အခန်း(၁၀)
## အထွေထွေ

၃၀။ အခန်း(၉) ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ် သတ်မှတ်သည်။

၃၁။ ဗဟိုကော်မတီသည် မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူအား လုပ်ငန်းဆောင်ရွက်မှုနှင့် ပြီးစီးမှုအခြေအနေကို သတ်မှတ်ချက်များနှင့်အညီ တင်ပြစေနိုင်သည်။

၃၂။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ခြောက်လလျှင် တစ်ကြိမ်တင်ပြရမည်။ မူဝါဒဆိုင်ရာအဆုံးအဖြတ်ခံယူရန် ပေါ်ပေါက်ပါက နိုင်ငံတော်သမ္မတထံသို့ နည်းလမ်းတကျတင်ပြ၍ လမ်းညွှန်မှုခံယူရမည်။

၃၃။ ဤဥပဒေအရ ဖွဲ့စည်းသော ဗဟိုကော်မတီသည် ဤဥပဒေ မပြဋ္ဌာန်းမီက ဖွဲ့စည်းခဲ့သော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆက်ခံဆောင်ရွက်ရမည်။

34. In implementing the provisions contained in this Law:

(a) the Ministry may issue the necessary rules, regulations and by-laws with the approval of the Union Government;

(b) the Ministry and the Central Committee may issue the necessary notifications, orders, directives and procedures.

---

I hereby sign under the Constitution of the Republic of the Union of Myanmar.

Sd/ Thein Sein
President
The Republic of the Union of Myanmar



၃၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး
# နည်းဥပဒေများ
# ( ၂၀၁၂ ခုနှစ် )

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေ** | |
| ၁။ | အခန်း(၁)<br>အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂)<br>မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့် | ၂ |
| ၃။ | အခန်း(၃)<br>မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍သတ်မှတ်ချက်များ | ၁၆ |
| ၄။ | အခန်း(၄)<br>အာမခံကြေးနှင့် မြေခွန် | ၂၁ |
| ၅။ | အခန်း(၅)<br>မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူကလိုက်နာရမည့်စည်းကမ်းချက်များ | ၂၇ |
| ၆။ | အခန်း(၆)<br>ကြီးကြပ်ခြင်း | ၃၀ |
| ၇။ | အခန်း(၇)<br>မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများအား ကာကွယ်ကူညီဆောင်ရွက်ခြင်း | ၃၇ |
| ၈။ | အခန်း(၈)<br>အာမခံကြေးပြန်လည်ထုတ်ပေးခြင်း | ၃၉ |
| ၉။ | အခန်း(၉)<br>ဥပဒေကြောင်းအရတရားစွဲဆိုခြင်း | ၄၄ |
| ၁၀။ | အခန်း(၁၀)<br>အထွေထွေ | ၄၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေ** | |
| ၁၁။ | ပုံစံ(၁)<br>ရာသီသီးနှံ၊စက်မှုကုန်ကြမ်းရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်ပင်စိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့် လျှောက်လွှာ | ၄၇ |
| ၁၂။ | ပုံစံ(၁ က)<br>နှစ်ရှည်ပင်ထပ်မံတိုးချဲ့စိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့် လျှောက်လွှာ | ၄၉ |
| ၁၃။ | ပုံစံ(၂)<br>မွေးမြူရေးလုပ်ငန်းအတွက် အသုံးပြုခွင့်လျှောက်လွှာ | ၅၁ |
| ၁၄။ | ပုံစံ(၃)<br>ဓာတ်သတ္တုထုတ်လုပ်ခြင်းအတွက် အသုံးပြုခွင့် လျှောက်လွှာ | ၅၃ |
| ၁၅။ | ပုံစံ(၄)<br>အစိုးရကခွင့်ပြုသောဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်လွှာ | ၅၆ |
| ၁၆။ | ပုံစံ(၅)<br>မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်လွှာမှတ်ပုံတင်စာရင်း | ၅၈ |
| ၁၇။ | ပုံစံ(၆)<br>မြေလွတ်၊မြေလပ်နှင့်မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းကို ကန့်ကွက်လိုသူတို့က ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့်ကြော်ငြာစာ | ၅၉ |
| ၁၈။ | ပုံစံ(၇)<br>မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် စစ်ဆေးချက် | ၆၀ |
| ၁၉။ | ပုံစံ(၈)<br>------- တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းအဖွဲ့ မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် စစ်ဆေးတွေ့ရှိချက် | ၆၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေ** | |


| | | |
|---|---|---|
| ၂၀။ | ပုံစံ(၉)<br>မြေလွတ်၊မြေလပ်နှင့်မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်<br>ရရှိသူများမှတ်ပုံတင်စာရင်း | ၆၇ |
| ၂၁။ | ပုံစံ(၁၀)<br>မြေလွတ်၊မြေလပ်နှင့်မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်<br>ငြင်းပယ်ခံရသူများမှတ်ပုံတင်စာရင်း | ၆၈ |
| ၂၂။ | ပုံစံ(၁၁)<br>ရာသီသီးနှံ၊စက်မှုကုန်ကြမ်းရာသီသီးနှံစိုက်ပျိုးမှုအတွက်<br>လုပ်ပိုင်ခွင့်ပြုသောခွင့်ပြုမိန့် | ၆၉ |
| ၂၃။ | ပုံစံ(၁၁ က)<br>-------- တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းအဖွဲ့<br>ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းရာသီသီးနှံတစ်နိုင်တစ်ပိုင်စိုက်ပျိုးမှု<br>အတွက် လုပ်ပိုင်ခွင့်ပြုသော ခွင့်ပြုမိန့် | ၇၁ |
| ၂၄။ | ပုံစံ(၁၂)<br>နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးမှုအတွက်လုပ်ပိုင်ခွင့်<br>ပြုသောခွင့်ပြုမိန့် | ၇၃ |
| ၂၅။ | ပုံစံ(၁၂ က)<br>-------- တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းအဖွဲ့<br>နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမှုအတွက်<br>လုပ်ပိုင်ခွင့်ပြုသောခွင့်ပြုမိန့် | ၇၅ |
| ၂၆။ | ပုံစံ(၁၃)<br>မွေးမြူရေးလုပ်ငန်းအတွက်အသုံးပြုခွင့်ပေးသောခွင့်ပြုမိန့် | ၇၇ |
| ၂၇။ | ပုံစံ(၁၄)<br>ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အသုံးပြုခွင့်ပြုသော<br>ခွင့်ပြုမိန့် | ၇၉ |
| ၂၈။ | ပုံစံ(၁၅)<br>အစိုးရကခွင့်ပြုသောဥပဒေနှင့်ညီညွတ်သည့်အခြားလုပ်ငန်းများ<br>အတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုသော ခွင့်ပြုမိန့် | ၈၁ |
| ၂၉။ | ပုံစံ(၁၆)<br>မြေလွတ်၊မြေလပ်နှင့်မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်<br>လျှောက်ထားမှုကို ငြင်းပယ်သောအကြောင်းကြားစာ | ၈၃ |


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# မြေလွတ်မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး
# နည်းဥပဒေများ
# (၂၀၁၂ ခုနှစ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် ၁ / ၂၀၁၂**

၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်းလ ၁၄ ရက်

(၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **သီးခြားအဖွဲ့** ဆိုသည်မှာ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ တင်ပြလာသည့်ကိစ္စရပ်များကို စစ်ဆေးရန် ဗဟိုကော်မတီက ဖွဲ့စည်းသည့်အဖွဲ့ကို ဆိုသည်။



(ခ) **အထူးအဖွဲ့** ဆိုသည်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေ ကို စစ်ဆေးရန် ဗဟိုကော်မတီက အခါအားလျော်စွာ ဖွဲ့စည်း ပေးသည့် အဖွဲ့ကို ဆိုသည်။

(ဂ) **ပုံစံ**ဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသည့် ပုံစံကို ဆိုသည်။

## အခန်း(၂)
## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်

၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တု ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ လုပ်ကိုင်လို သော အောက်ပါ ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများသည် ဗဟိုကော်မတီသို့ လျှောက်ထား နိုင်သည်-

(က) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊

(ဂ) ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်း လွှဲပြောင်း ခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၁၄ အရ သက်ဆိုင်ရာ ဝန်ကြီးဌာနက ကင်းလွတ်ခွင့်ပြုထားသူများ ဖြစ်သည့် နိုင်ငံတော်နှင့် သံတမန်အဆက်အသွယ်ရှိသော နိုင်ငံခြား သံတမန် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အခြားမည်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၊

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ရပ်ရပ်နှင့် အကျိုးတူ ကိစ္စရပ်များအတွက် ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ၊

(င) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူ ကိစ္စရပ်များအတွက် ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ၊

(စ) ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး လုပ်ကိုင်လိုသူများ။

၄။ နည်းဥပဒေ ၃ အရ လျှောက်ထားရာတွင် အောက်ဖော်ပြပါ ပုံစံများအသုံးပြု၍ လျှောက်ထားရမည်-

(က) ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းရာသီသီးနှံ၊ နှစ်ရှည်ပင်၊ဥယျာဉ်ခြံသီးနှံစိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်လျှောက်လွှာ (ပုံစံ-၁)

(ခ) မွေးမြူရေးလုပ်ငန်းအတွက်အသုံးပြုခွင့် လျှောက်လွှာ (ပုံစံ-၂)

(ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အသုံးပြုခွင့်လျှောက်လွှာ (ပုံစံ-၃)

(ဃ) အစိုးရကခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်လွှာ (ပုံစံ-၄)

၅။ နည်းဥပဒေ ၄ အရ လျှောက်ထားရာတွင် လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးက ထုတ်ပေးသော အောက်ပါမြေပုံ တစ်မျိုးမျိုးကို ပူးတွဲတင်ပြရမည်-

(က) ကွင်းမြေပုံရှိသော ဒေသဖြစ်လျှင် တည်ဆဲနှစ်အတွက် အသုံးပြုလျက်ရှိသော ၁၆လက်မ= ၁ မိုင် စကေး ကွင်းမြေပုံမှ ရေးဆွဲသည့် မြေပုံ နှစ်ပုံ၊

(ခ) ကွင်းမြေပုံမရှိသေးသောဒေသဖြစ်လျှင် တစ်လက်မ=တစ်မိုင် စကေးသို့မဟုတ် ၁:၅၀၀၀၀ စကေးဖြင့် ရေးဆွဲထားသည့် ယာယီမြေပုံကြမ်းနှစ်ပုံ။



၆။ ဗဟိုကော်မတီသည် လက်ခံရရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်လွှာများနှင့်စပ်လျဉ်းသည့် အချက်အလက်များကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်လွှာမှတ်ပုံတင် စာရင်း(ပုံစံ-၅) တွင် ရေးသွင်း၍ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သို့ စုံစမ်းစစ်ဆေးတင်ပြစေရန် လွှဲပြောင်းပေးပို့ရမည်။

၇။ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သည် နည်းဥပဒေ ၆ အရ ပေးပို့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်လွှာများကို သက်ဆိုင်ရာ နေပြည်တော်ဦးစီးဌာနရုံး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံးသို့ ပေးပို့ရမည်။

၈။ နေပြည်တော်ဦးစီးဌာနရုံး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံးသည် နည်းဥပဒေ ၇ အရ ပေးပို့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်လွှာများကို သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနရုံးမှတစ်ဆင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးသို့ စိစစ်ဆောင်ရွက်နိုင်ရန် ပေးပို့ရမည်။

၉။ မြို့နယ်ဦးစီးဌာနရုံးသည် နည်းဥပဒေ ၈ အရပေးပို့သည့် လျှောက်လွှာကို လက်ခံရရှိသည့်အခါ-

(က) လျှောက်လွှာနှင့်စပ်လျဉ်းသည့် အချက်အလက်များကို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်လွှာမှတ်ပုံတင်စာရင်း (ပုံစံ-၅) တွင် ရေးသွင်းရမည်။

(ခ) လက်ခံရရှိသည့်လျှောက်လွှာကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လုပ်ငန်းစာတွဲ ဖွင့်လှစ်ပြီး ယင်းလျှောက်လွှာ လက်ခံရရှိသည့်နေ့တွင် သက်ဆိုင်ရာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားတင်ပြ၍ ကန့်ကွက်နိုင်ကြောင်းကို ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့် ကြော်ငြာစာ (ပုံစံ-၆) ဖြင့် ကြေညာရမည်။

(ဂ) ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့် ကြော်ငြာစာ (ပုံစံ-၆) ကို သက်ဆိုင်ရာ နေပြည်တော်ဦးစီးဌာနရုံး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံး၊ ခရိုင်ဦးစီးဌာနရုံး၊ မြို့နယ်ဦးစီးဌာနရုံးနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးတို့တွင် ကပ်ထားရမည်။

(ဃ) နည်းဥပဒေခွဲ(ခ) အရ ကြေညာရာတွင် ယင်းသို့ ကြေညာသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ကြောင်း ဖော်ပြရမည်။

၁၀။ မြို့နယ်ဦးစီးဌာနရုံးသည် နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (ခ) အရ ကန့်ကွက်နိုင်ကြောင်း ကြေညာထားသည့်ကာလအတွင်း အောက်ပါ အချက်များကို စိစစ်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် စိစစ်ဆေးချက်(ပုံစံ-၇) တွင် ဖြည့်စွက်ရမည်-

(က) လျှောက်ထားသူသည် နည်းဥပဒေ ၃ ပါ သတ်မှတ်ချက်တစ်ရပ်ရပ်နှင့်အကျုံးဝင်ခြင်း ရှိ မရှိ၊



(ခ) လျှောက်ထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့် စပ်လျဉ်း၍-

(၁) အမှန်တကယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဟုတ် မဟုတ်၊

(၂) လက်ရှိလုပ်ကိုင်နေသူ ရှိ မရှိ၊

(၃) ကျူးကျော်လုပ်ကိုင်နေသူ ရှိ မရှိ၊

(၄) ယခင်ကလုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့် ချပေးထားခြင်းရှိ မရှိ၊

(၅) လျှောက်ထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းနေရာတစ်ခုကို တစ်ဦးထက်ပို၍ လျှောက်ထားခြင်း ရှိ မရှိ။

(ဂ) လျှောက်ထားသူသည် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများကို လုပ်ကိုင်နိုင်သည့် သို့မဟုတ် အသုံးပြုနိုင်သည့်အင်အား ရှိ မရှိ၊

(ဃ) လျှောက်ထားသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများသည် လျှောက်လွှာပါ ဆောင်ရွက်မည့် လုပ်ငန်းနှင့် သင့်လျော်မှု ရှိ မရှိ၊

(င) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်ခြင်း ရှိ မရှိ၊

(စ) လျှောက်ထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများသည် သက်ဆိုင်ရာ လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများက စီမံခန့်ခွဲလျက်ရှိသောမြေနှင့် လွတ်ကင်းမှု ရှိ မရှိနှင့် ယင်းလုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများ၏ လုပ်ငန်းများကို ထိခိုက်နိုင်မှု ရှိ မရှိ။

၁၁။ မြို့နယ်ဦးစီးဌာနရုံးသည် နည်းဥပဒေ ၈ အရ ပေးပို့သော လျှောက်လွှာများတွင် လျှောက်ထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို တစ်ဦးထက်ပို၍ လျှောက်ထားချက်များနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (ခ) ပါအတိုင်း ခိုင်လုံသော အထောက်အထားတင်ပြ၍ ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့်ကြော်ငြာစာ(ပုံစံ-၆)ဖြင့် ထုတ်ပြန်ဆောင်ရွက်ပြီး အောက်ပါအချက်များကို ဆောင်ရွက်ထားရမည်-

(က) လျှောက်လွှာနှင့်စပ်လျဉ်းသည့် အချက်များကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်လွှာ မှတ်ပုံတင်စာရင်း (ပုံစံ-၅) တွင် ရေးသွင်းခြင်း၊

(ခ) နည်းဥပဒေ ၁၀ ပါအချက်များအပြင် အောက်ပါ အချက်များကိုစိစစ်၍ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် စစ်ဆေးချက်(ပုံစံ-၇) တွင် ဖြည့်စွက်၍ မှတ်တမ်းတင်ခြင်း-

(၁) ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်နိုင်မှု အခြေအနေ၊

(၂) လုပ်ကိုင်မည့်၊ အသုံးပြုမည့် လုပ်ငန်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်နိုင်မှုအခြေအနေ၊

(၃) လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်နှင့်စပ်လျဉ်းသည့် အခြေအနေ၊

(၄) လုပ်ငန်းသုံးပစ္စည်း ဖြည့်တင်းနိုင်မှုအခြေအနေ။

၁၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားချက်နှင့် စပ်လျဉ်း၍-



(က) ကန့်ကွက်ချက် တစ်စုံတစ်ရာရရှိလျှင်-

(၁) မြို့နယ်ဦးစီးဌာနရုံးသည် ကန့်ကွက်ချက် လက်ခံရရှိသည့်နေ့မှ ၇ ရက်(ခုနစ်ရက်) အတွင်း ယင်းကန့်ကွက်ချက်နှင့်အတူ တင်ပြသော အထောက်အထားများအား စိစစ်၍ စိစစ်တွေ့ရှိချက်နှင့် လုပ်ငန်းစာတွဲကို သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနရုံးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံးတို့မှတစ်ဆင့် သက်ဆိုင်ရာ နေပြည်တော် ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သို့ ပေးပို့ တင်ပြရမည်။

(၂) နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သည် နည်းဥပဒေခွဲငယ် (၁) အရ တင်ပြ သော လုပ်ငန်းစာတွဲနှင့် ကန့်ကွက်ချက်ကို လက်ခံရရှိသည့်အခါ ယင်းကန့်ကွက်ချက် အပါအဝင် သက်ဆိုင်ရာ စာတမ်းအမှတ်အသားများအား ဗဟိုကော်မတီက ဖွဲ့စည်းတာဝန် ပေးအပ်သည့် သီးခြားအဖွဲ့သို့ပေးပို့၍ စုံစမ်းစစ်ဆေး တင်ပြစေရန် အကြောင်းကြားရမည်။

(၃) သီးခြားအဖွဲ့သည် နည်းဥပဒေခွဲငယ် (၂) အရ အကြောင်းကြားစာရရှိသည့်အခါ အကြောင်းကြားစာ ရရှိသည့်နေ့မှ ၇ ရက်(ခုနစ်ရက်) အတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ တည်ရှိရာနေရာသို့ သွားရောက်စစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်ကို ဓာတ်ပုံမှတ်တမ်းအထောက်အထားများနှင့်အတူ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သို့ တင်ပြရမည်။

(ခ) ကန့်ကွက်ချက်တစ်စုံတစ်ရာ မရရှိလျှင်-

(၁) မြို့နယ်ဦးစီးဌာနရုံးသည် ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ထားသည့် နောက်ဆုံးရက်မှ ၇ ရက် (ခုနစ်ရက်) အတွင်း လျှောက်ထားချက် နှင့် စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များ၊ သဘောထား မှတ်ချက်နှင့်အတူ လုပ်ငန်း စာတွဲကို သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနရုံးသို့ ပေးပို့တင်ပြရမည်။

(၂) ခရိုင်ဦးစီးဌာနရုံးသည် နည်းဥပဒေခွဲငယ် (၁) အရ တင်ပြသည့် လုပ်ငန်းစာတွဲကို လက်ခံ ရရှိသည့်နေ့မှ ၇ ရက် (ခုနစ်ရက်) အတွင်း သဘောထားမှတ်ချက်နှင့်အတူသက်ဆိုင်ရာနေပြည်တော် ဦးစီးဌာနရုံး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံးသို့ ပေးပို့ တင်ပြရမည်။

(၃) နေပြည်တော်ဦးစီးဌာနရုံး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံးသည် နည်းဥပဒေခွဲငယ်(၂) အရ တင်ပြသည့် လုပ်ငန်းစာတွဲကို လက်ခံရရှိသည့်နေ့မှ ၇ ရက် (ခုနစ်ရက်) အတွင်း သဘောထား မှတ်ချက်နှင့် အတူ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့သို့ ပေးပို့တင်ပြရမည်။

၁၃။ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သည် နည်းဥပဒေ ၁၂၊ နည်းဥပဒေခွဲ(က) နှင့် (ခ)အရ တင်ပြသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့် လုပ်ငန်းစာတွဲကို ရရှိသည့်အခါ အောက်ပါအချက်များကို စစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ (ပုံစံ-၈) တွင် မှတ်တမ်းတင်ထားရမည်-



(က) လျှောက်ထားသူနှင့်ပတ်သက်သည့် အချက်အလက် များ၊

(ခ) လျှောက်ထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊

(ဂ) လျှောက်ထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့် စပ်လျဉ်း၍စိစစ်တွေ့ရှိချက်များ၊

(ဃ) ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ စိစစ်တွေ့ရှိချက်များ၊

(င) လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်နှင့် စပ်လျဉ်း၍ စိစစ်တွေ့ရှိ ချက်များ၊

(စ) လုပ်ငန်းသုံးပစ္စည်း ပြင်ဆင်ထားရှိမှု၊ အသုံးပြုမှုနှင့် စပ်လျဉ်း၍ စိစစ်တွေ့ရှိချက်များ၊

(ဆ) လုပ်ငန်းပြီးစီးရမည့် နှစ်ကာလအတွင်း ဆောင်ရွက် ပြီးစီးနိုင် ခြင်း ရှိ မရှိနှင့် စပ်လျဉ်း၍ စိစစ်တွေ့ရှိ ချက်များ၊

(ဇ) အခြားတွေ့ရှိသည့်အချက်အလက်များ၊

(ဈ) လျှောက်ထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့် လျှောက်ထားသည့် ကိစ္စရပ်အပေါ် သုံးသပ်တွေ့ရှိချက်။

၁၄။ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့သည် နည်းဥပဒေ ၁၃ အရဆောင်ရွက်ပြီးနောက် ယင်းလုပ်ငန်း စာတွဲကိုသက်ဆိုင်ရာ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ ဆောလျင်စွာတင်ပြ၍ သဘောထား မှတ်ချက်ရယူရမည်။

၁၅။ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့သည် နည်းဥပဒေ ၁၄ အရတင်ပြချက်အပေါ် နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထား မှတ်ချက် ရရှိသည့်နေ့မှ ၇ ရက် (ခုနစ်ရက်) အတွင်း-

(က) ကျေးလက်ဒေသ တောင်သူလယ်သမားနှင့် မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး လုပ်ကိုင်လိုသူက ဧက ၅၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အတွက် လျှောက်ထားသည့် ကိစ္စမှအပ ကျန်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့် လုပ်ငန်းစာတွဲကို နေပြည်တော် ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ဗဟို ကော်မတီသို့ တင်ပြရမည်။

(ခ) ကျေးလက်ဒေသ တောင်သူလယ်သမားနှင့် မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး လုပ်ကိုင်လိုသူက ဧက ၅၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့် လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထား မှတ်ချက်နှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် လျှောက်ထားခြင်းအားခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုရမည်။

၁၆။ ဗဟိုကော်မတီသည် နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (က) အရ တင်ပြသည့် လုပ်ငန်းစာတွဲကို လက်ခံရရှိသည့်အခါ-

(က) ဓာတ်သတ္တု ထုတ်လုပ်ခြင်း လုပ်ငန်းအတွက်ဖြစ်ပါက ပြည်ထောင်စုအစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာန၏ သဘော ထားမှတ်ချက်ကို လည်းကောင်း၊ အစိုးရက ခွင့်ပြုသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများဖြစ်ပါက ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ သဘောထား မှတ်ချက်ကိုလည်းကောင်း တောင်းခံရမည်။



(ခ) သစ်တော ဖုံးလွှမ်းလျက်ရှိသည့် အစိုးရ စီမံခန့်ခွဲခွင့်ရှိသော မြေ ဧရိယာများ ထိခိုက်ပျက်စီးမှုမရှိစေရေး၊ သဘာဝ နယ်မြေများ၊ ရေပိုရေလွှဲဒေသများ၊ သဘာဝအင်းအိုင်များ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာန၊ သက်ဆိုင်ရာ အခြားဝန်ကြီးဌာနများ၏ သဘောထား တောင်းခံရယူရမည်။

(ဂ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း များ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့် လုပ်ငန်းများ နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘော တူညီချက်ရယူ ဆောင်ရွက်ရမည်။

၁၇။ ဗဟိုကော်မတီသည် နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ(က) နှင့်(ခ) တို့အရ သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားရရှိသည့်အခါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လုပ်ငန်းစာတွဲအား စိစစ်၍ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားခြင်းအား ခွင့်ပြုခြင်းသို့မဟုတ်ငြင်းပယ်ခြင်းပြုရမည်။

၁၈။ ဗဟိုကော်မတီသည် နည်းဥပဒေ ၁၇ အရ ဆောင်ရွက်ပြီးနောက် -

(က) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိ သူကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အာမခံကြေး ပေးသွင်း စေပြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြု ခွင့် ရရှိသူများ မှတ်ပုံတင်စာရင်း (ပုံစံ-၉)တွင် မှတ်တမ်း တင်ရမည်။

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ငြင်းပယ်ခြင်းခံရသူကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ငြင်းပယ်ခံ ရသူများ မှတ်ပုံတင်စာရင်း (ပုံစံ-၁၀) တွင် မှတ်တမ်းတင် ရမည်။

၁၉။ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်း အဖွဲ့သည် နည်းဥပဒေ ၁၅ ၊ နည်းဥပဒေခွဲ (ခ) ပါ အတိုင်း ဆောင်ရွက်ပြီးသည့်အခါ -

(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အာမခံ ကြေးပေးသွင်းစေပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့်ရရှိသူများ မှတ်ပုံတင်စာရင်း (ပုံစံ-၉) တွင် မှတ်တမ်းတင်ရမည်။

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားမှုအား ငြင်းပယ်ခြင်းခံရသူကို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ငြင်းပယ် ခံရသူများ မှတ်ပုံတင်စာရင်း (ပုံစံ-၁၀) တွင် မှတ်တမ်းတင် ရမည်။

၂၀။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူကို လုပ်ငန်းအမျိုးအစားအလိုက် အောက်ဖော်ပြပါ သက်ဆိုင်ရာပုံစံဖြင့် ခွင့်ပြုမိန့် ထုတ်ပေးရမည်-

(က) ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းရာသီသီးနှံစိုက်ပျိုးမှု အတွက်လုပ်ပိုင်ခွင့်ပြုသောခွင့်ပြုမိန့် (ပုံစံ - ၁၁)

(ခ) နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်ပြုသော ခွင့်ပြုမိန့် (ပုံစံ - ၁၂)

(ဂ) မွေးမြူရေးလုပ်ငန်းအတွက် အသုံးပြုခွင့်ပြုသော ခွင့်ပြုမိန့် (ပုံစံ - ၁၃)

(ဃ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အသုံးပြုခွင့်ပြုသော ခွင့်ပြုမိန့် (ပုံစံ - ၁၄)

(င) အစိုးရကခွင့်ပြုထားသောဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပြုသော ခွင့်ပြုမိန့် (ပုံစံ - ၁၅)



၂၁။ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့သည် နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(ခ)အရ လုပ်ပိုင်ခွင့်ရရှိသူကို စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန် အောက်ဖော်ပြပါ သက်ဆိုင်ရာပုံစံဖြင့် ခွင့်ပြုမိန့် ထုတ်ပေးရမည်-

(က) ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းရာသီသီးနှံတစ်နိုင်တစ်ပိုင် စိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်ပြုသော ခွင့်ပြုမိန့် (ပုံစံ-၁၁ က)

(ခ) နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမှု အတွက်လုပ်ပိုင်ခွင့်ပြုသော ခွင့်ပြုမိန့် (ပုံစံ-၁၂ က)

၂၂။ ဗဟိုကော်မတီသည် နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ(ခ) အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ငြင်းပယ်ခြင်းခံရသူအား မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားမှုကို ငြင်းပယ်ကြောင်း အကြောင်းကြားစာ (ပုံစံ-၁၆) ဖြင့် အကြောင်းကြားရမည်။

၂၃။ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့သည် နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(ခ) အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ငြင်းပယ်ခြင်း ခံရသူအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားမှုကို ငြင်းပယ် ကြောင်း အကြောင်းကြားစာ (ပုံစံ-၁၆) ဖြင့် အကြောင်းကြားရမည်။

၂၄။ ဗဟိုကော်မတီသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ(ဂ) အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူညီချက်ရယူပြီးသောအခါလုပ်ငန်းစာတွဲဖွင့်လှစ်၍ ဤနည်းဥပဒေများပါအတိုင်း ဆောင်ရွက်ရမည်။

၂၅။ ဗဟိုကော်မတီသည် နည်းဥပဒေ ၂၀ အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုသည့် ခွင့်ပြုမိန့် မိတ္တူကို သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့များသို့ ပေးပို့ရမည်။

၂၆။ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သည် နည်းဥပဒေ ၂၁ အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်ပြုသည့် ခွင့်ပြုမိန့် မိတ္တူကို ဗဟိုကော်မတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့များသို့ ပေးပို့တင်ပြရမည်။

၂၇။ နည်းဥပဒေ ၂၉၊ နည်းဥပဒေခွဲ(က)နှင့် (ဂ)တို့အရ ဗဟိုကော်မတီက ခွင့်ပြုပြီးသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ၏ ၇၅ ရာခိုင်နှုန်းကို လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူသည် အပြည့်အဝ အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်ပြီးနောက် ထပ်မံတိုးချဲ့စိုက်ပျိုးလုပ်ကိုင်လိုပါက နှစ်ရှည်ပင်၊ ရာသီသီးနှံ၊ စက်မှုကုန်ကြမ်း ရာသီသီးနှံ ထပ်မံတိုးချဲ့စိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့် လျှောက်လွှာ(ပုံစံ-၁က) ဖြင့် ဗဟိုကော်မတီသို့ လျှောက်ထားရမည်။

၂၈။ ဗဟိုကော်မတီသည် နည်းဥပဒေ ၂၇ အရ လျှောက်ထားလာမှုများနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ နည်းဥပဒေခွဲ(က)၊ ၁၆၊ နည်းဥပဒေခွဲ(ခ)နှင့်(ဂ)၊ ၁၇၊ ၁၈၊ ၂၀ နှင့် ၂၂ တို့ပါအတိုင်း ဆောင်ရွက်ရမည်။



## အခန်း(၃)
## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍သတ်မှတ်ချက်များ

၂၉။ နိုင်ငံတော်တွင် မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများအသုံးပြုခြင်းမှ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလာစေရေးနှင့် နိုင်ငံတော်၏စီးပွားရေး လက်တွေ့ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံ၊ ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းရာသီသီးနှံများ စိုက်ပျိုးခြင်း လုပ်ငန်းများနှင့် ယင်းနှင့် ဆက်နွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအလို့ငှာ လုပ်ပိုင်ခွင့်၊အသုံးပြု ခွင့်ပြုသည့် မြေဧရိယာနှင့် စပ်လျဉ်း၍-

(က) နှစ်ရှည်ပင်ဖြစ်ပါက-

(၁) တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက် မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(၂) နည်းဥပဒေခွဲငယ် (၁) အရ ခွင့်ပြုထားပြီးသည့် မြေဧရိယာ၏ ၇၅ ရာခိုင်နှုန်းကို အပြည့်အဝ အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်ပြီးကြောင်း နည်းဥပဒေ ၂၇ အရ လျှောက်ထားလာလျှင် လုပ်ငန်းအဖွဲ့၏ ကွင်းဆင်း စစ်ဆေး အတည်ပြုချက်ဖြင့် ထပ်မံ၍ တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက် မပိုစေဘဲ စုစုပေါင်း ဧက ၅၀၀၀၀ အထိ အကြိမ်ကြိမ် ခွင့်ပြုနိုင်သည်။

(၃) နိုင်ငံတော်အကျိုးအလို့ငှာ ခွင့်ပြုသင့်သော လုပ်ငန်းဖြစ်လျှင် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အညီအမှန်တကယ် စိုက်ပျိုးမည်ဖြစ်ကြောင်း မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသူက ကတိဝန်ခံချက် ပူးတွဲတင်ပြ၍ နည်းဥပဒေ၂၇ အရ လျှောက်ထားလာလျှင် ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် တစ်ကြိမ်တည်းတွင် ဧက ၅၀၀၀ ထက်ပို၍ ခွင့်ပြုနိုင်သည်။

(ခ) ဥယျာဉ်ခြံသီးနှံဖြစ်ပါက ဧက ၃၀၀၀ ထက်မပိုစေဘဲခွင့်ပြုနိုင်သည်။

(ဂ) ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းရာသီသီးနှံဖြစ်ပါက-

(၁) တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင် သည်။

(၂) နည်းဥပဒေခွဲငယ်(၁) အရ ခွင့်ပြုထားပြီးသည့် မြေဧရိယာ၏ ၇၅ ရာခိုင်နှုန်းကို အပြည့်အဝ အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်ပြီးကြောင်း နည်းဥပဒေ ၂၇ အရ လျှောက်ထားလာလျှင် လုပ်ငန်းအဖွဲ့၏ ကွင်းဆင်းစစ်ဆေး အတည် ပြုချက်ဖြင့် ထပ်မံ၍ တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက်မပိုစေဘဲ စုစုပေါင်း ဧက ၅၀၀၀၀ အထိ အကြိမ်ကြိမ်ခွင့်ပြုနိုင်သည်။

(၃) နိုင်ငံတော်အကျိုးအလို့ငှာ ခွင့်ပြုသင့်သောလုပ်ငန်းဖြစ်လျှင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ အမှန်တကယ် စိုက်ပျိုးမည်ဖြစ်ကြောင်း မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသူက ကတိဝန်ခံချက် ပူးတွဲတင်ပြ၍ နည်းဥပဒေ ၂၇ အရ လျှောက်ထားလာလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တစ်ကြိမ်တည်းတွင် ဧက ၅၀၀၀ ထက်ပို၍ ခွင့်ပြုနိုင်သည်။

၃၀။ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့သည်-

(က) ကျေးလက်ဒေသတွင် အခြေချ နေထိုင်လျက်ရှိသော တောင်သူလယ်သမားနှင့် မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်လိုသူ အိမ်ထောင်သားစုတစ်စုအတွက် တစ်ကြိမ်လျှင် ၁၀ ဧက ထက်မပိုသော မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ စိစစ်ထောက်ခံချက်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ရယူ၍ နည်းဥပဒေပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုနိုင်သည်။



(ခ) နည်းဥပဒေခွဲ(က) အရ ခွင့်ပြုထားသည့်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ၏ ၇၅ ရာခိုင်နှုန်း အပြည့်အဝလုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ကြောင်း အထောက်အထားခိုင်မာစွာဖြင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏စိစစ်ထောက်ခံချက် ပူးတွဲ၍ နည်းဥပဒေ ၂၇ နှင့်အညီ လျှောက်ထား တင်ပြလာလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏သဘောတူညီချက်ရယူ၍ တစ်ကြိမ်လျှင် ၁၀ ဧက ထက်မပိုစေဘဲ စုစုပေါင်း ဧက ၅၀ အထိ အကြိမ်ကြိမ် ထပ်မံခွင့်ပြုနိုင်သည်။

၃၁။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေး လုပ်ငန်း၊ ကျွဲ၊ နွား၊ မြင်း တိရစ္ဆာန် မွေးမြူရေးလုပ်ငန်း၊ သိုး၊ ဆိတ်တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း၊ ကြက်၊ ဝက်၊ ဘဲ၊ ငုံး တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း၊ အိမ်မွေးတိရစ္ဆာန်မဟုတ်သောအခြားတိရစ္ဆာန် မွေးမြူရေးလုပ်ငန်းများနှင့် ယင်းတို့နှင့် ဆက်နွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ အလို့ငှာ အသုံးပြုခွင့်ပြုသည့် မြေဧရိယာနှင့်စပ်လျဉ်း၍-

(က) ငါး၊ ပုစွန်၊ ကဏန်း မွေးမြူရေးလုပ်ငန်းဖြစ်လျှင် ဧက ၁၀၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ခ) တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းဖြစ်လျှင်-

(၁) ကျွဲ၊ နွား၊ မြင်း မွေးမြူရေးလုပ်ငန်းဖြစ်ပါက ဧက ၂၀၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(၂) သိုး၊ ဆိတ် မွေးမြူရေးလုပ်ငန်းဖြစ်ပါက ဧက ၅၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(၃) ကြက်၊ ဝက်၊ ဘဲ၊ ငုံး မွေးမြူရေးလုပ်ငန်း ဖြစ်ပါ က ဧက ၃၀၀ ထက် မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ဂ) နည်းဥပဒေခွဲ(က) နှင့် (ခ) တို့တွင် အကျုံးမဝင်သော မွေးမြူရေး လုပ်ငန်းဖြစ်ပါက အမျိုးတူမွေးမြူရေး လုပ်ငန်းအလိုက် သင့်လျော်သော မြေဧရိယာကို ခွင့်ပြုနိုင်သည်။

၃၂။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ဓာတ်သတ္တု ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုသည့်အခါ မြေဧရိယာနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့၏စိစစ်ထောက်ခံချက်အရတိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့၏သဘောထားမှတ်ချက်ရယူ၍ ပြည်ထောင်စုအစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။

၃၃။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများနှင့် ယင်းနှင့် ဆက်နွှယ်လျက်ရှိသော လုပ်ငန်းများ လုပ်ကိုင်ရန် ခွင့်ပြုသည့်အခါ မြေဧရိယာနှင့်စပ်လျဉ်း၍ လုပ်ကိုင်မည့် လုပ်ငန်းအမျိုးအစားအလိုက် ပြည်ထောင်စုအစိုးရ၊သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။

၃၄။ ဗဟိုကော်မတီသည် နိုင်ငံတော်အကျိုးငှာ ဆောင်ရွက်သည့် အထူးစီမံကိန်း လုပ်ငန်းများ လုပ်ကိုင်ရန် ခွင့်ပြုသည့်အခါ လိုအပ်မည့် မြေဧရိယာပမာဏကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် နည်းဥပဒေ ၂၉၊ နည်းဥပဒေခွဲ(က) နှင့် (ဂ) တို့ပါ ခွင့်ပြုနိုင်သော မြေဧရိယာ ထက်ပိုမို၍ ခွင့်ပြုနိုင်သည်။

၃၅။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်း၊ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများနှင့် ယင်းတို့နှင့်ဆက်နွှယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ အလို့ငှာ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုသည့် အချိန်ကာလနှင့် စပ်လျဉ်း၍-



(က) စိုက်ပျိုးရေးလုပ်ငန်းတွင်-

(၁) နှစ်ရှည်ပင်နှင့် ဥယျာဉ်ခြံ သီးနှံဖြစ်လျှင် စတင်ခွင့်ပြုသည့်နှစ်မှစ၍ နှစ်ပေါင်း ၃၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(၂) ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းရာသီသီးနှံဖြစ်လျှင် သတ်မှတ်သောစည်းကမ်းချက်များကိုဖောက်ဖျက်ခြင်း မရှိသရွေ့ ခွင့်ပြုရ မည်။

(ခ) မွေးမြူရေးလုပ်ငန်းများတွင် စတင်ခွင့်ပြုသည့်နှစ်မှ စ၍ နှစ်ပေါင်း ၃၀ ထက် မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ဂ) နည်းဥပဒေခွဲ (က) နည်းဥပဒေခွဲငယ် (၁) နှင့် နည်းဥပဒေခွဲ (ခ) တို့အရ ခွင့်ပြုထားသော သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက် ဆောင်ရွက်လိုသော လုပ်ငန်းအတွက် လုပ်ငန်းအမျိုးအစားပေါ် မူတည်ပြီး စုစုပေါင်း နှစ်ပေါင်း ၃၀ ထက် မပိုစေဘဲ အကြိမ်ကြိမ် ထပ်မံခွင့်ပြုနိုင်သည်။

(ဃ) ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းတွင် မြန်မာ့သတ္တုတွင်း ဥပဒေအရ သတ်မှတ် ပြဋ္ဌာန်းထားသည့် ကာလအတိုင်း ပြည်ထောင်စုအစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ညှိနှိုင်း ခွင့်ပြုနိုင်သည်။

(င) အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများတွင်ပြည်ထောင်စုအစိုးရ၊သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။

## အခန်း(၄)
## အာမခံကြေးနှင့် မြေခွန်

၃၆။ ဗဟိုကော်မတီသည် အောက်ပါအချက်များကို အလေးအနက်ထား၍ အာမခံကြေးနှင့် မြေခွန်များသတ်မှတ်ရမည်-

(က) နိုင်ငံတော်တွင်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အမှန်တကယ် ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်းမရှိဘဲ အခွင့်အရေး တစ်ရပ်အနေဖြင့်ပမာဏကြီးမားစွာ ရယူထားခြင်း မရှိစေရေး၊

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများက ထိုက်သင့်သည့် အာမခံကြေး တင်သွင်း ထားစေခြင်းဖြင့် မိမိတို့ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသော မြေလွတ်၊ မြေလပ် နှင့်မြေရိုင်းများကို မှန်မှန်ကန်ကန် ဖော်ထုတ်လုပ်ကိုင်စေရေး၊

(ဂ) နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခြင်းမှ ရရှိသော မြေခွန်ဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းပေးနိုင်ရေး။

၃၇။ ဗဟိုကော်မတီသည် သတ်မှတ် စည်းကမ်းချက်များ နှင့်အညီ ဧရိယာအားလုံး အပြည့်အဝ ဖော်ထုတ်ပြီးစီးသည့် မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူအား တင်သွင်းထားသော အာမခံကြေး ပြန်လည်ထုတ် ပေးနိုင်ရေးအတွက် ယင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူ၏ မြေယာဖော်ထုတ်စိုက်ပျိုး လုပ်ကိုင်အသုံးပြုမှု အပေါ် မျက်ခြည်မပြတ် ကြီးကြပ်ကွပ်ကဲရမည်။



၃၈။ နည်းဥပဒေ ၃၇ အရ ဆောင်ရွက်နိုင်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူသည် အာမခံကြေးကို မြေလွတ်၊မြေလပ်နှင့်မြေရိုင်းတည်ရှိရာနှင့်အနီးဆုံးမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် အောက်ပါသတ်မှတ်ချက်များအတိုင်း ပေးသွင်းရမည်-

(က) စိုက်ပျိုးရေးလုပ်ငန်းတွင်-

(၁) တောင်သူလယ်သမားနှင့် မိသားစု တစ်နိုင်တစ်ပိုင် လုပ်ကိုင်လိုသောဧက၅၀ နှင့်အောက် ဖြစ်လျှင် တစ်ဧကလျှင် ကျပ် ၃၀၀၀ (ကျပ် သုံးထောင်) နှုန်း၊

(၂) စီးပွားဖြစ် လုပ်ကိုင်လိုသော မြေသည် ၅၀ ဧက အထက်ဖြစ်လျှင်တစ်ဧကလျှင်ကျပ်၁၀၀၀၀(ကျပ်တစ်သောင်း)နှုန်း။

(ခ) နည်းဥပဒေ ၃၁ ပါမွေးမြူရေးလုပ်ငန်းတွင် တစ်ဧကလျှင် ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း) နှုန်း၊

(ဂ) ဓာတ်သတ္တု ထုတ်လုပ်ခြင်းလုပ်ငန်းတွင် တစ်ဧကလျှင် ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း)နှုန်း၊

(ဃ) အစိုးရကခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများတွင် တစ်ဧကလျှင် ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း)နှုန်း။

၃၉။ ဗဟိုကော်မတီသည် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ အတွက် မြေခွန်ကင်းလွတ်ခွင့် ကာလကို စတင် ခွင့်ပြုသည့်နေ့မှစ၍ လုပ်ငန်းအမျိုးအစား၊ သီးနှံအမျိုးအစားအလိုက် အောက်ပါအတိုင်း သတ်မှတ်ခွင့်ပြုပေးနိုင်သည်-

(က) စိုက်ပျိုးရေးလုပ်ငန်းတွင်-

(၁) နှစ်ရှည်ပင်စိုက်ပျိုးမြေဖြစ်လျှင် ၅ နှစ်၊

(၂) ဥယျာဉ်ခြံသီးနှံစိုက်ပျိုးမြေဖြစ်လျှင် ၃ နှစ်၊

(၃) ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းရာသီသီးနှံစိုက်ပျိုးမြေဖြစ်လျှင် ၂ နှစ်။

(ခ) မွေးမြူရေးလုပ်ငန်းတွင်-

(၁) ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေးဖြစ်လျှင် ၂နှစ်၊

(၂) တိရစ္ဆာန်မွေးမြူရေးဖြစ်လျှင်-

(ကက) ကျွဲ၊ နွား၊ မြင်းမွေးမြူရေးလုပ်ငန်းတွင်အသုံးပြုပါက ၂ နှစ်၊

(ခခ) သိုး၊ ဆိတ်မွေးမြူရေးလုပ်ငန်းတွင် အသုံးပြုပါက ၂နှစ်၊

(ဂဂ) ကြက်၊ ဝက်၊ ဘဲ၊ ငုံးမွေးမြူရေးလုပ်ငန်းတွင်အသုံးပြုပါက ၁နှစ်။

(၃) နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေခွဲငယ် (၁) နှင့် (၂) တို့တွင် အကျုံးမဝင်သော မွေးမြူရေးလုပ်ငန်းဖြစ်ပါက အမျိုးတူ မွေးမြူရေးလုပ်ငန်းအလိုက် သင့်လျော်သည့် ကာလ။

(ဂ) ဓာတ်သတ္တု ထုတ်လုပ်ခြင်း လုပ်ငန်းတွင် မြန်မာ့သတ္တုတွင်း ဥပဒေအရ ပြည်ထောင်စုအစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းသတ်မှတ်သည့် ကာလ၊

(ဃ) အစိုးရကခွင့်ပြုသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများတွင် ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းသတ်မှတ်သည့် ကာလ။



၄၀။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ အသုံးပြုခြင်းမှ နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာငွေများ ထိထိရောက်ရောက် ကောက်ခံရရှိနိုင်စေရန်အလို့ငှာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက ယင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသော မြေများအတွက် မြေခွန်ကို သီးနှံအမျိုးအစား၊ လုပ်ငန်းအမျိုးအစား အလိုက် သတ်မှတ်ထားသည့် မြေခွန်ကင်းလွတ်ခွင့် ကာလကုန်ဆုံးသည့်နေ့မှစ၍ တစ်နှစ်လျှင် တစ်ကြိမ် အောက်ပါ နှုန်းထားအတိုင်း ပေးသွင်းစေရန်နှင့် ဦးစီးဌာနက စည်းကြပ်ကောက်ခံစေရန် လိုအပ်သလို ညွှန်ကြားရမည်-

(က) စိုက်ပျိုးရေးလုပ်ငန်းတွင်-

(၁) နှစ်ရှည်ပင် စိုက်ပျိုးမြေဖြစ်လျှင် အမှန် စိုက်ဧကတစ်ဧက အတွက် ကျပ် ၃၀၀၀(ကျပ် သုံးထောင်) နှုန်း၊

(၂) ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးမြေဖြစ်လျှင် အမှန်စိုက်ဧကတစ်ဧကအတွက်ကျပ် ၂၀၀၀(ကျပ်နှစ်ထောင်) နှုန်း

(၃) ရာသီသီးနှံ၊ စက်မှုကုန်ကြမ်း ရာသီသီးနှံ စိုက်ပျိုးမြေ ဖြစ်လျှင် အမှန်စိုက်ဧကတစ် ဧကအတွက် ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်)နှုန်း။

(ခ) မွေးမြူရေးလုပ်ငန်းတွင် -

(၁) ငါး၊ ပုစွန်၊ ကဏန်း မွေးမြူရေးလုပ်ငန်း အသုံးပြုမြေဖြစ်လျှင် တစ်ဧကအတွက်ကျပ် ၃၀၀၀ (ကျပ်သုံးထောင်) နှုန်း၊

(၂) တိရစ္ဆာန် မွေးမြူရေးမြေဖြစ်လျှင် တစ်ဧကအတွက် ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်)နှုန်း။

(က) စိုက်ပျိုးရေးလုပ်ငန်းတွင်-
- (၁) နှစ်ရှည်ပင်စိုက်ပျိုးမြေဖြစ်လျှင် ၅ နှစ်၊
- (၂) ဥယျာဉ်ခြံသီးနှံစိုက်ပျိုးမြေဖြစ်လျှင် ၃ နှစ်၊
- (၃) ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းရာသီ သီးနှံစိုက်ပျိုးမြေဖြစ်လျှင် ၂ နှစ်။

(ခ) မွေးမြူရေးလုပ်ငန်းတွင်-
- (၁) ငါး၊ပုစွန်၊ကဏန်းမွေးမြူရေးဖြစ်လျှင် ၂နှစ်၊
- (၂) တိရစ္ဆာန်မွေးမြူရေးဖြစ်လျှင်-
  - (ကက) ကျွဲ၊နွား၊မြင်းမွေးမြူရေး လုပ်ငန်းတွင်အသုံးပြုပါက ၂ နှစ်၊
  - (ခခ) သိုး၊ဆိတ်မွေးမြူရေးလုပ်ငန်း တွင် အသုံးပြုပါက ၂နှစ်၊
  - (ဂဂ) ကြက်၊ဝက်၊ဘဲ၊ငုံးမွေးမြူရေး လုပ်ငန်းတွင်အသုံးပြုပါက ၁နှစ်။
- (၃) နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေခွဲငယ် (၁) နှင့် (၂) တို့တွင် အကျုံးမဝင်သော မွေးမြူရေး လုပ်ငန်းဖြစ်ပါက အမျိုးတူ မွေးမြူရေး လုပ်ငန်းအလိုက် သင့်လျော်သည့် ကာလ။

(ဂ) ဓာတ်သတ္တု ထုတ်လုပ်ခြင်း လုပ်ငန်းတွင် မြန်မာ့ သတ္တုတွင်း ဥပဒေအရ ပြည်ထောင်စုအစိုးရ၊ သတ္တု တွင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းသတ်မှတ်သည့် ကာလ၊

(ဃ) အစိုးရကခွင့်ပြုသော ဥပဒေနှင့် ညီညွတ်သည့် အခြား လုပ်ငန်းများတွင် ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းသတ်မှတ်သည့် ကာလ။



၄၀။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ အသုံးပြု ခြင်းမှ နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာငွေများ ထိထိရောက်ရောက် ကောက်ခံ ရရှိနိုင်စေရန်အလို့ငှာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြု ခွင့်ရရှိသူက ယင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသော မြေများအတွက် မြေခွန်ကို သီးနှံအမျိုးအစား၊ လုပ်ငန်းအမျိုးအစား အလိုက် သတ်မှတ်ထား သည့် မြေခွန်ကင်းလွတ်ခွင့် ကာလကုန်ဆုံးသည့်နေ့မှစ၍ တစ်နှစ်လျှင် တစ်ကြိမ် အောက်ပါ နှုန်းထားအတိုင်း ပေးသွင်းစေရန်နှင့် ဦးစီးဌာနက စည်းကြပ်ကောက်ခံစေရန် လိုအပ်သလို ညွှန်ကြားရမည်-

(က) စိုက်ပျိုးရေးလုပ်ငန်းတွင်-
- (၁) နှစ်ရှည်ပင် စိုက်ပျိုးမြေဖြစ်လျှင် အမှန် စိုက်ဧက တစ်ဧက အတွက် ကျပ် ၃၀၀၀(ကျပ် သုံးထောင်) နှုန်း၊
- (၂) ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးမြေဖြစ်လျှင် အမှန်စိုက်ဧက တစ်ဧကအတွက်ကျပ် ၂၀၀၀(ကျပ်နှစ်ထောင်) နှုန်း
- (၃) ရာသီသီးနှံ၊ စက်မှုကုန်ကြမ်း ရာသီသီးနှံ စိုက်ပျိုး မြေ ဖြစ်လျှင် အမှန်စိုက်ဧကတစ် ဧကအတွက် ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်)နှုန်း။

(ခ) မွေးမြူရေးလုပ်ငန်းတွင် -
- (၁) ငါး၊ ပုစွန်၊ ကဏန်း မွေးမြူရေးလုပ်ငန်း အသုံးပြု မြေဖြစ်လျှင် တစ်ဧကအတွက်ကျပ် ၃၀၀၀ (ကျပ် သုံးထောင်) နှုန်း၊
- (၂) တိရစ္ဆာန် မွေးမြူရေးမြေဖြစ်လျှင် တစ်ဧကအတွက် ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်)နှုန်း။

(ဂ) ခတ်သတ္တု ထုတ်လုပ်ခြင်းလုပ်ငန်း အသုံးပြုမြေဖြစ်လျှင် တစ်ဧကအတွက် ကျပ် ၅၀၀၀ (ကျပ်ငါးထောင်)နှုန်း၊

(ဃ) အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများအသုံးပြုမြေဖြစ်ပါက ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းသတ်မှတ်သည့် အခွန်နှုန်း၊

(င) အထက်ပါသတ်မှတ်နှုန်းထားများကို ငွေကြေးတန်ဖိုးပြောင်းလဲမှုအပေါ်မူတည်၍ လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ပြင်ဆင်သတ်မှတ်သည့် အခွန်နှုန်း။

၄၁။ သတ်မှတ်ထားသည့် မြေခွန်နှုန်းထားများ စည်းကြပ်ကောက်ခံခြင်းနှင့် စပ်လျဉ်း၍ ဦးစီးဌာနသည်-

(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက လုပ်ငန်းအမျိုးအစား အလိုက်၊ သီးနှံအမျိုးအစား အလိုက် မြေခွန်ကို မြေခွန်ကင်းလွတ်ခွင့် ကာလကုန်ဆုံးသည့်နေ့၏ ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း ပေးသွင်းစေရန် အချိန်မီ အကြောင်းကြားရမည်။

(ခ) နည်းဥပဒေခွဲ(က) အရ ပေးသွင်းသည့် မြေခွန်ကို နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေ အဖြစ် နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် မတ်လ ၃၁ ရက် အတွင်း မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရမည်။

(ဂ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သတ်မှတ်ထားသည့် မြေခွန်ပေးသွင်းခြင်းများကို ကြီးကြပ်စစ်ဆေးရမည်။



(ဃ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေမပြဋ္ဌာန်းမီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းအား ဖော်ထုတ်လုပ်ကိုင်အသုံးပြုပြီးဖြစ်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ နှင့်စပ်လျဉ်း၍ ယင်းဗဟိုအဖွဲ့က သတ်မှတ်ထားသည့် မြေခွန်နှုန်းထားများအတိုင်း နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေအဖြစ် ပေးသွင်းစေရေး စီမံဆောင်ရွက်ရမည်။

(င) ကောက်ခံရရှိသည့်မြေခွန်ကို နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ဧပြီလအတွင်း ဗဟိုကော်မတီသို့ အစီရင်ခံတင်ပြရမည်။

၄၂။ ဗဟိုကော်မတီသည် နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (င) အရ တင်ပြချက်ကို ရရှိသည့်အခါ မေလအတွင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြည်ထောင်စုချုပ် မြေခွန်ကောက်ခံရရှိမှု အခြေအနေကို အစီရင်ခံ တင်ပြရမည်။

၄၃။ ဝန်ကြီးဌာနသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် နှင့်စပ်လျဉ်း၍ မြေခွန်ကောက်ခံသူ အရာရှိအဖြစ် မြို့နယ်ဦးစီးဌာနမှူးအား တာဝန်ပေးအပ်ရမည်။

၄၄။ မြို့နယ်ဦးစီးဌာနမှူးသည် မြေခွန်ကိုပေးသွင်းခြင်းမပြုဘဲ ရှောင်တိမ်းနေကြောင်း သို့မဟုတ် ပျက်ကွက်နေကြောင်းတွေ့ရှိလျှင် ယင်းမြေခွန်ပေးသွင်းရန် ရှောင်တိမ်းနေသူ သို့မဟုတ် ပျက်ကွက်သူထံမှ တည်ဆဲဥပဒေ နှင့်အညီအရ ကောက်ခံရမည့်အပြင် ဥပဒေကြောင်းအရလည်း ထိရောက်စွာအရေးယူဆောင်ရွက်ရမည်။

## အခန်း(၅)

## မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များ

၄၅။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူသည်-

(က) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းကို စတင်ခွင့်ပြုသည့် နေ့မှစ၍ လေးနှစ်အတွင်း ပထမနှစ်တွင် ၁၅ ရာခိုင်နှုန်း၊ ဒုတိယ နှစ်တွင် ၃၀ ရာခိုင်နှုန်း၊ တတိယနှစ်တွင် ၃၀ ရာခိုင်နှုန်းနှင့် စတုတ္ထနှစ်တွင် ၂၅ ရာခိုင်နှုန်းဖြင့် ရာခိုင်နှုန်းပြည့် လုပ်ငန်းပြီးစီးသည်အထိ ဖော်ထုတ် လုပ်ကိုင်ရမည်။

(ခ) ကျေးလက်ဒေသ တောင်သူလယ်သမားနှင့် မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက တစ်ကြိမ်လျှင် ခွင့်ပြုသည့် ဧရိယာကို ၂ နှစ် (နှစ်နှစ်) အတွင်း ပြီးစီးစေရန် ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ရမည်။

(ဂ) ခွင့်ပြုထားသည့် လုပ်ငန်းအမျိုးအစားနှင့် ယင်းနှင့် ဆက်နွယ်လျက်ရှိသော စီးပွားရေး လုပ်ငန်းကိုသာ လုပ်ကိုင်ရမည်။

(ဃ) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရယူထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် မြေပေါ်မြေအောက်ရှိ အခြားသယံဇာတပစ္စည်းများကို တူးဖော်ထုတ်ယူခြင်း မပြုရ။



(င) မိမိလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအတွက် မြေခွန်ကို အပြည့်အဝ ပေးဆောင်ရမည်။

(စ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ ဗဟိုကော်မတီက သတ်မှတ်သော စည်းကမ်းချက်များကို လိုက်နာရမည်။

၄၆။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူသည် သဘာဝဘေး အန္တရာယ်ကြောင့် သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြားအခြေအနေကြောင့် သော်လည်းကောင်း ကုန်လွန်သွားသည့် အချိန်အတွက် သတ်မှတ်ထားသော ဖော်ထုတ်လုပ်ကိုင်ရမည့် ကာလကို တိုးမြှင့်ပေးစေလိုပါက သက်ဆိုင်ရာ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့၏ ထောက်ခံချက်ဖြင့် ဗဟိုကော်မတီသို့ ခွင့်ပြုကာလ မကုန်ဆုံးမီ တင်ပြလျှောက်ထားရမည်။

၄၇။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူသည်-

(က) ဓာတ်သတ္တု ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် မူလ လျှောက်ထားစဉ်က တူးဖော်ရန်ခွင့်ပြုသည့် ဓာတ်သတ္တုအမျိုးအစားမဟုတ်ဘဲ အခြားဓာတ်သတ္တု အမျိုးအစားကို တူးဖော်တွေ့ရှိပါက ဗဟိုကော်မတီသို့ ချက်ချင်းတင်ပြရမည်။

(ခ) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် သယံဇာတပစ္စည်းများနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ တွေ့ရှိသောကြောင့် နိုင်ငံတော်အစိုးရက စီးပွားဖြစ် ထုတ်လုပ်ခြင်းနှင့်ထိန်းသိမ်းခြင်းများ ပြုလုပ်ရန် လိုအပ်၍ ပြန်လည်သိမ်းယူသည့်အခါ ခွင့်ပြုထားသော မြေဧရိယာမှ အနည်းဆုံး လိုအပ်မည့် မြေဧရိယာကို ပြည်ထောင်စုအစိုးရက ညွှန်ကြားသည့်အတိုင်း ပြန်လည်အပ်နှံရမည်။

(ဂ) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် နိုင်ငံတော်၏ အကျိုးငှာ အခြေခံအဆောက်အအုံဖြစ်သော လေယာဉ်ကွင်းများ၊ လမ်းမကြီးများ၊ မီးရထား လမ်းများကဲ့သို့ စီမံကိန်းလုပ်ငန်းများ သို့မဟုတ် အထူးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်၍ ပြန်လည်သိမ်းယူသည့်အခါ ခွင့်ပြုထားသော မြေဧရိယာမှ အနည်းဆုံးလိုအပ်မည့် မြေဧရိယာကို ပြည်ထောင်စုအစိုးရက ညွှန်ကြားသည့်အတိုင်း ပြန်လည်အပ်နှံရမည်။

(ဃ) မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိပြီးနောက် ဆက်လက် လုပ်ကိုင်နိုင်ခြင်း၊ အသုံးပြုနိုင်ခြင်းမရှိပါက ဗဟိုကော်မတီသို့ ပြန်လည်အပ်နှံရမည်။



၄၈။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေ မပြဋ္ဌာန်းမီက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူသည် မူလ ခွင့်ပြုကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်လျှင် သို့မဟုတ် စည်းကမ်းချက်ကို ချိုးဖောက်လျှင် တင်သွင်းထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်း ခံရမည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းခြင်းခံရမည်။

## အခန်း(၆)
## ကြီးကြပ်ခြင်း

၄၉။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ မပြဋ္ဌာန်းမီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူသည် ယင်းခွင့်ပြုမိန့် ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေနှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့်ထုတ်ပေးသည့် ရက်စွဲနှင့်စာအမှတ်တို့ကို ပြည့်စုံစွာဖော်ပြပြီး အမှန်တကယ်ဖော်ထုတ် လုပ်ကိုင်အသုံးပြုပြီးသော ဧရိယာနှင့် ကျန်ရှိနေသော ဧရိယာတို့ကို ဓာတ်ပုံမှတ်တမ်းများ ပူးတွဲလျက် အထောက်အထားခိုင်လုံစွာဖြင့် မှတ်တမ်းပြုစုပြီး ဗဟိုကော်မတီသို့ တင်ပြရမည်။

၅၀။ ဗဟိုကော်မတီသည် နည်းဥပဒေ ၄၉ အရ တင်ပြသော ကိစ္စရပ်တစ်ခုချင်း အလိုက်စိစစ်၍-

(က) နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် လုပ်ငန်းတစ်ခုချင်းအလိုက် ဖွဲ့စည်း တာဝန်ပေးအပ်သည့် အထူးအဖွဲ့အား သက်ဆိုင်သည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများသို့သွားရောက်စေ၍ တရားဝင် လွှဲအပ်ခြင်းခံရသူကို ဖြစ်စေ တစ်ပါတည်း လိုက်ပါစေပြီး သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်အတူ ကွင်းဆင်း၍ ခွင့်ပြုထားသည့် မြေပေါ်တွင် ခွင့်ပြုထားသည့် လုပ်ငန်းကို အမှန်တကယ် ဖော်ထုတ်လုပ်ကိုင်ပြီးစီးမှု အခြေအနေအား စစ်ဆေးတင်ပြစေရမည်။

(ခ) သက်ဆိုင်သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း၏ ပတ်ဝန်းကျင်တွင် လုပ်ကိုင်သူများကို ခေါ်ယူစစ်ဆေးစေရမည်။

(ဂ) နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် လုပ်ငန်းတစ်ခုချင်းအလိုက် ဖွဲ့စည်းတာဝန် ပေးအပ်သည့် အထူး အဖွဲ့အား စစ်ဆေးတွေ့ရှိချက်များကို မှတ်တမ်းနှင့် ဓာတ်ပုံများပူးတွဲ၍ အထောက်အထား ခိုင်လုံစွာဖြင့် သဘောထား မှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ဆောလျင်စွာတင်ပြစေရမည်။

၅၁။ ဗဟိုကော်မတီသည် နည်းဥပဒေ ၅၀ အရ တင်ပြလာသော ကိစ္စရပ်တစ်ခုချင်းအလိုက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-



(က) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက ဖော်ထုတ် လုပ်ကိုင်အသုံးပြုပြီးဖြစ်သော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် စပ်လျဉ်း၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပါ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ဆောင်ရွက်ခြင်း၊

(ခ) မူလခွင့်ပြု ကာလထက် ကျော်လွန်သည့်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်း မရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေနှင့်အညီ ပြန်လည်သိမ်းယူ၍ ယင်းသို့ ပြန်လည်သိမ်းယူပြီးဖြစ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တရားဝင် ကြေညာခြင်းနှင့် မူလ လုပ်ပိုင်ခွင့်ရရှိသူအား အသိပေး အကြောင်းကြားခြင်း၊

(ဂ) မူလခွင့်ပြုကာလအတွင်း အမှန်တကယ် ဖော်ထုတ် လုပ်ကိုင်အသုံးပြုခဲ့ကြောင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရသူက ခိုင်လုံသည့် အထောက်အထားများဖြင့်တင်ပြနိုင်ပြီး မြေပြင်တွင် လက်ရှိလုပ်ကိုင် အသုံးပြုခြင်းမရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် အထူးအဖွဲ့၏ စိစစ် တင်ပြချက်အရ အဆုံးအဖြတ်ပြုခြင်း၊

(ဃ) မူလ ခွင့်ပြုကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များ နှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချက်ကို ချိုးဖောက်ကြောင်း တွေ့ရသဖြင့် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြန်လည်သိမ်းယူခြင်းခံရသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ဤနည်းဥပဒေများ နှင့်အညီ စီမံခန့်ခွဲခြင်း၊

(င) မူလ ခွင့်ပြုကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချက် တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်းတွေ့ရှိပါက မူလ ပေးသွင်းထားသည့် အာမခံကြေးကို နိုင်ငံတော် ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းပြီး ယင်းငွေကို ဦးစီးဌာန၏ ရငွေအဖြစ် သတ်မှတ်ထားသော ဘဏ်တွင် ပေးသွင်းစေခြင်းနှင့် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းခြင်း၊

(စ) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို သတ်မှတ်ကာလအတွင်း ရာခိုင်နှုန်းပြည့် ဖော်ထုတ် ပြီးစီးကြောင်း တင်ပြလာပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် အထူးအဖွဲ့ ဖွဲ့စည်း၍ စိစစ်တင်ပြစေခြင်း။



၅၂။ ဗဟိုကော်မတီသည်-

(က) မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊အသုံးပြုခွင့် ရရှိထားသူက လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသခံတောင်သူ လယ်သမားများနှင့် အငြင်းပွားခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက်လုပ်ကိုင်ခြင်း၊ ဖျက်ဆီးခြင်းများ ပြုလုပ်ခံရကြောင်း တိုင်ကြားလာလျှင် ဖြစ်စဉ်မှန်ကို ဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်ပေးရမည်။

(ခ) မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ချထားပေးသော မြေဧရိယာသည် ယခင်ကတည်းက လက်ရှိစိုက်ပျိုး လုပ်ကိုင်နေသော ဒေသခံတောင်သူ လယ်သမားများ၏ စိုက်ပျိုးမြေများ ဖြစ်ကြောင်း ခိုင်လုံသည့် အထောက်အထားဖြင့် တင်ပြနိုင်လျှင် ယင်းလက်ရှိ စိုက်ပျိုးလုပ်ကိုင်နေသူနစ်နာမှုမရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ချထားပေးသော မြေဧရိယာ အပေါ်တွင် ယခင်ကတည်းက လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားပြီးသော တောင်သူ လယ်သမားများရှိပါက ယင်းတောင်သူ လယ်သမားများနှင့် ညှိနှိုင်းစေ၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးရမည်။

၅၃။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်း များဆောင်ရွက်ခြင်း ရှိ မရှိ ကို စစ်ဆေးရန် နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့ သို့မဟုတ် အထူးအဖွဲ့အား တာဝန်ပေးအပ်၍ ကွင်းဆင်း စစ်ဆေးဆောင်ရွက်စေရမည်။

၅၄။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူက ဖော်ထုတ်စိုက်ပျိုး လုပ်ကိုင်သည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားခွင့်သဘောတူစာချုပ်အရ နိုင်ငံတော်သို့ပေးသွင်းကြရမည့် ထုတ်လုပ်မှုအစုပမာဏပစ္စည်း သို့မဟုတ် ငွေကြေးကို အမှန်တကယ်ပေးသွင်းခြင်း ရှိ မရှိ အထူးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးစေပြီး လိုအပ်သလို ဖော်ထုတ် အရေးယူ ဆောင်ရွက်ရမည်။

၅၅။ ဗဟိုကော်မတီသည် အောက်ပါ အခြေအနေ တစ်ရပ်ရပ် ပေါ်ပေါက်ပါက ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အနက်မှ အနည်းဆုံးလိုအပ်မည့် မြေဧရိယာကို ပြန်လည်ရယူ ပိုင်ခွင့် ရှိသည် -

(က) ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ တွင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ တွေ့ရှိခြင်း၊

(ခ) နိုင်ငံတော်အကျိုးငှာ အခြေခံအဆောက်အအုံစီမံကိန်း လုပ်ငန်း သို့မဟုတ် အထူးစီမံကိန်း လုပ်ငန်းဆောင်ရွက်ရန် လိုအပ်ခြင်း၊



(ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် မူလခွင့်ပြုထားသော အမျိုးအစားမှအပ အခြားသယံဇာတပစ္စည်းတွေ့ရှိခြင်း၊

(ဃ) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း သို့မဟုတ် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများ လုပ်ကိုင်ရန် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် သယံဇာတပစ္စည်း တွေ့ရှိခြင်း။

၅၆။ ဗဟိုကော်မတီသည် နည်းဥပဒေ ၅၅ အရ ပြန်လည်ရယူမည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရသူ နစ်နာမှုမရှိစေရန် ယင်းအမှန်တကယ် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ထားသည့် ကုန်ကျစရိတ်ငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကာလတန်ဖိုးတွက်ချက်၍ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို ပြန်လည် ရယူသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း လျော်ကြေးရရှိစေရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သို့ တာဝန်ပေး၍ သက်ဆိုင်သည့် ဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်စေရမည်။

၅၇။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်းတွေ့ရှိလျှင် မူလပေးသွင်းထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည့်အပြင် မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း ပြန်လည် ရုပ်သိမ်းပိုင်ခွင့်ရှိသည်။

## အခန်း(၇)
## မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများအား ကာကွယ်ကူညီဆောင်ရွက်ခြင်း

၅၈။ ဗဟိုကော်မတီသည် -

(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက စိုက်ပျိုးရေး လုပ်ငန်းအတွက် နည်းပညာ၊ မျိုးကောင်းမျိုးသန့် နှင့် အခြား ပံ့ပိုးမှုများ နှင့်စပ်လျဉ်း၍ အကူအညီ တောင်းခံလာပါက ဝန်ကြီး ဌာနလက်အောက်ရှိ သက်ဆိုင်ရာ လုပ်ငန်း၊ ဌာနများ နှင့် ဆက်သွယ်ပြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း တည်ရှိရာနှင့် အနီးဆုံးရှိ သက်ဆိုင်သည့် ဌာန၊ အဖွဲ့ အစည်းက လိုအပ်သလို ကာကွယ် ကူညီပံ့ပိုးပေးရန် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

(ခ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူကမွေးမြူရေးလုပ်ငန်းအတွက်နည်းပညာ၊ မျိုးကောင်းမျိုးသန့်နှင့် အခြားပံ့ပိုးမှုများနှင့် စပ်လျဉ်း ၍ အကူအညီ တောင်းခံလာပါက ပြည်ထောင်စုအစိုးရ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ဆက်သွယ်ပြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း တည်ရှိရာနှင့် အနီးဆုံးရှိ သက်ဆိုင်သည့် ဌာန၊ အဖွဲ့အစည်းက လိုအပ်သလို ကာကွယ်ကူညီပံ့ပိုးပေးရန် ညှိနှိုင်းဆောင်ရွက်နိုင်သည်။



(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက ရင်းနှီးမြှုပ်နှံမှုအတွက် ချေးငွေများရရှိလို၍ လည်းကောင်း၊ ပံ့ပိုးပစ္စည်းနှင့် ဝန်ဆောင်မှု အကူအညီ ရရှိလို၍ လည်းကောင်း တင်ပြလာလျှင် နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့ သို့မဟုတ် အထူးအဖွဲ့၏ မြေပြင်သို့ သွားရောက်၍ ကွင်းဆင်း စစ်ဆေးတွေ့ရှိချက်များ၊ သက်ဆိုင်သည့် ဌာန၊ အဖွဲ့အစည်း၏ ထောက်ခံချက်များ အပေါ် အခြေခံ၍ စိစစ်ထောက်ခံပေးနိုင်သည်။

(ဃ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီး နောက် မုန်တိုင်းကျရောက်ခြင်းကဲ့သို့သော သဘာဝဘေး အန္တရာယ်ကြောင့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် အထူးအဖွဲ့၏ မြေပြင်သို့ သွားရောက်၍ ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်များ၊ သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်း၏ ထောက်ခံချက်များအပေါ် အခြေခံ၍ နိုင်ငံတော်မှ အထူး ချေးငွေ ရရှိရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ စိစစ် ထောက်ခံပေးနိုင်သည်။

## အခန်း(၈)

## အာမခံကြေးပြန်လည်ထုတ်ပေးခြင်း

၅၉။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့က လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုထားသည့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စည်းကမ်းချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပါက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူအား ယင်းပေးသွင်းထားသည့် အာမခံကြေး ပြန်လည်ထုတ်ပေးနိုင်ရန် စီမံဆောင်ရွက်ရမည်။

၆၀။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူသည် ပေးသွင်းထားသည့် အာမခံကြေးငွေကို ပြန်လည်ထုတ်ယူနိုင်ရန်-

(က) သတ်မှတ်ချက်များအတိုင်း လုပ်ငန်းဆောင်ရွက် ပြီးစီး၍ ပေးသွင်းထားသည့် အာမခံကြေးငွေကို ပြန်လည်ထုတ်ယူခွင့်ပြုပါရန် လျှောက်လွှာကို ဗဟိုကော်မတီသို့ သော်လည်းကောင်း၊ နေပြည်တော် ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သို့ သော်လည်းကောင်း လျှောက်ထားရမည်။

(ခ) နည်းဥပဒေခွဲ(က) အရ လျှောက်ထားရာတွင်-

(၁) မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့ခွင့်ပြုမိန့်ဖြင့် ရယူခဲ့သည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့် မိတ္တူကို ပူးတွဲတင်ပြရမည်။



(၂) ဗဟိုကော်မတီ၏ ခွင့်ပြုမိန့်ဖြင့် ရယူခဲ့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များအတွက် ဗဟိုကော်မတီ၏ ခွင့်ပြုမိန့် မိတ္တူကို လည်းကောင်း၊ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့၏ ခွင့်ပြုမိန့် ဖြင့်ရယူခဲ့သည့် မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် အတွက် နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့၏ ခွင့်ပြုမိန့်မိတ္တူကို လည်းကောင်း ပူးတွဲတင်ပြရမည်။

(၃) အာမခံကြေးငွေ ပေးသွင်းထားသည့် ငွေသွင်းချလန်မိတ္တူ ပူးတွဲတင်ပြရမည်။

၆၁။ ဗဟိုကော်မတီသည် နည်းဥပဒေ ၆၀အရတင်ပြသော လျှောက်လွှာကို လက်ခံရရှိသည့်အခါ စိစစ်တင်ပြစေရန် နေပြည်တော် ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သို့ ပေးပို့ရမည်။

၆၂။ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သည် နည်းဥပဒေ ၆၀ အရ မိမိထံ တင်ပြသော လျှောက်လွှာနှင့် နည်းဥပဒေ ၆၁ အရ ဗဟိုကော်မတီက ပေးပို့သော လျှောက်လွှာတို့ကို လက်ခံရရှိသည့်အခါ နေပြည်တော်ဦးစီးဌာနရုံး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံးသို့ ပေးပို့၍ အောက်ပါအတိုင်း ဆောင်ရွက်စေရမည်-

(က) နေပြည်တော်ဦးစီးဌာနရုံး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံးက ခရိုင်ဦးစီးဌာနရုံးမှ တစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်လွှာကို ဆက်လက်ပေးပို့၍ လျှောက်လွှာပါ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ တည်ရှိရာ မြို့နယ်ဦးစီးဌာနရုံးအား မြေပြင်သို့ ၇ ရက် (ခုနစ်ရက်) အတွင်း သွားရောက်ပြီး ကွင်းဆင်းစစ်ဆေးရန် တာဝန်ပေးခြင်း၊

(ခ) မြို့နယ်ဦးစီးဌာနရုံးက လျှောက်လွှာကို လက်ခံရရှိသည့် နေ့မှ၂၁ ရက် အတွင်း သက်ဆိုင်ရာ မြေလွတ်၊ မြေလပ် နှင့်မြေရိုင်းများတည်ရှိရာသို့ သွားရောက်၍ ကွင်းဆင်း စစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ အား ဓာတ်ပုံမှတ်တမ်းတင်ခြင်း၊ စစ်ဆေးခြင်းများပြု လုပ်၍ပြန်လည်တင်ပြစေခြင်း။

၆၃။ မြို့နယ်ဦးစီးဌာနရုံးသည် နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (ခ) အရ စစ်ဆေး ရာတွင် အောက်ပါအချက်များကို စိစစ်ရမည်-

(က) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပေးထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဧရိယာအားလုံးတွင် သတ်မှတ် ချက်နှင့်အညီ လုပ်ငန်း ဆောင်ရွက်ပြီးစီးခြင်း ရှိ မရှိ၊

(ခ) သတ်မှတ်ခွင့်ပြုထားသည့် သီးနှံ စိုက်ပျိုးခြင်း၊ မွေးမြူ ခြင်း သို့မဟုတ် ခွင့်ပြုထားသည့် လုပ်ငန်း ဆောင်ရွက် ထားခြင်း ရှိ မရှိ၊

(ဂ) မူလလျှောက်ထား တင်ပြခဲ့သည့် လုပ်ငန်းစီမံချက်နှင့် ကိုက်ညီခြင်း ရှိ မရှိ၊

(ဃ) ပြန်လည်ထုတ်ယူ ခွင့်ပြုရန် လျှောက်ထားသည့် အာမခံကြေးသည် မူလ ပေးသွင်းထားသည့် အာမခံ ကြေးနှင့် ကိုက်ညီမှန်ကန်ခြင်း ရှိ မရှိ။



၆၄။ မြို့နယ်ဦးစီးဌာနရုံးသည် နည်းဥပဒေ ၆၃ ပါအတိုင်း စစ်ဆေးပြီး ဓာတ်ပုံ မှတ်တမ်းများ နှင့်အတူ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ အပြည့်အစုံ ရေးသား၍ အာမခံကြေးကို ပြန်လည်ထုတ်ပေးရန် ထောက်ခံကြောင်း သို့မဟုတ် သတ်မှတ်ချက်များနှင့် မကိုက်ညီကြောင်း တွေ့ရှိရသဖြင့် အာမခံ ကြေးကိုပြန်လည်ထုတ်ပေးရန်ကန့်ကွက်ကြောင်းမှတ်ချက်ပြု၍ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှ တစ်ဆင့် နေပြည်တော် ဦးစီးဌာနရုံး သို့မဟုတ် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံးသို့ လုပ်ငန်းစာတွဲ နှင့်အတူ ပြန်လည် ပေးပို့တင်ပြရမည်။

၆၅။ နေပြည်တော်ဦးစီးဌာနရုံး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံးသည် နည်းဥပဒေ ၆၄ အရ ပြန်လည် တင်ပြသော လုပ်ငန်းစာတွဲကို လက်ခံရရှိသည့်အခါ လိုအပ်သည်ဟု ယူဆပါက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း တည်ရှိရာသို့သွားရောက်ပြီး ကိုယ်တိုင် ကွင်းဆင်းစစ်ဆေး နိုင်သည်။ မြို့နယ်ဦးစီးဌာနရုံး၏ တင်ပြချက် ပြည့်စုံမှန်ကန်သည်ဟု ယူဆ ပါက အာမခံကြေးကို ပြန်လည်ထုတ်ပေးသင့်ကြောင်း သို့မဟုတ် တင်ပြချက် ပြည့်စုံမှန်ကန်ခြင်းမရှိ ဟုယူဆပါကပြန်လည်ထုတ်ပေးရန် ကန့်ကွက်ကြောင်း သဘောထား မှတ်ချက်ရေးသား၍ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သို့ ယင်းလုပ်ငန်းစာတွဲကို ဆက်လက် တင်ပြရမည်။

၆၆။ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့သည် နည်းဥပဒေ ၆၅ အရ တင်ပြသော လုပ်ငန်း စာတွဲကိုလက်ခံရရှိသည့်အခါ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီ သို့ ဆက်လက်တင်ပြရမည်။

၆၇။ ဗဟိုကော်မတီသည်-

(က) နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်း အဖွဲ့မှ ခွင့်ပြုခဲ့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များအတွက်စိစစ်၍ လုပ်ငန်း စာတွဲပါ တင်ပြချက်များ ပြည့်စုံမှန်ကန်သည်ဟု ယူဆပါက အာမခံကြေး ပြန်လည်ထုတ်ပေးရန် ညွှန်ကြားရမည်။

(ခ) သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ လုပ်ငန်း ဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချက်ကို ချိုးဖောက်ကြောင်း တွေ့ရှိပါက နိုင်ငံတော်ဘဏ္ဍာငွေ အဖြစ် သိမ်းဆည်းရန် အမိန့် ချမှတ်၍ဆက်လက်ဆောင်ရွက်စေရမည်။

၆၈။ ဗဟိုကော်မတီသည် အာမခံကြေးကို ပြန်လည်ထုတ်ပေးရန် သို့မဟုတ် နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းရန် ချမှတ်သည့် အမိန့်ကို လုပ်ငန်းစာတွဲနှင့် အတူ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့သို့ ပြန်လည်ပေးပို့ ရမည်။

၆၉။ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သည် နည်းဥပဒေ ၆၈ အရ ပေးပို့လာသည့် လုပ်ငန်းစာတွဲပါ အာမခံကြေး ပြန်လည်ထုတ်ပေးရန် သို့မဟုတ် နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းရန် ချမှတ်သည့် အမိန့်ကို လုပ်ငန်း စာတွဲနှင့်အတူ နေပြည်တော်ဦးစီးဌာနရုံး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံးသို့ ဆက်လက်ပေးပို့ရမည်။

၇၀။ နေပြည်တော်ဦးစီးဌာနရုံး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနရုံးသည် နည်းဥပဒေ ၆၉ အရ ပေးပို့လာသည့် လုပ်ငန်းစာတွဲအား ခရိုင်ဦးစီးဌာနရုံးမှ တစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ ဆက်လက်ပေးပို့ရမည်။



၇၁။ မြို့နယ်ဦးစီးဌာနရုံးသည်-

(က) နည်းဥပဒေ ၆၇၊ နည်းဥပဒေခွဲ (က) အရ အာမခံကြေးကို ပြန်လည်ထုတ်ပေးရန်ညွှန်ကြားချက်နှင့်အညီသက်ဆိုင်ရာ ဘဏ်ခွဲမှ အမြန် ထုတ်ပေးနိုင်ရေးအတွက် ချက်ချင်း အကြောင်းကြား ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေ ၆၇၊ နည်းဥပဒေခွဲ (ခ) အရ နိုင်ငံတော် ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းကြောင်း ဆုံးဖြတ်ချမှတ်ခြင်း အတွက် မူလ ပေးသွင်းထားသည့် အာမခံကြေးအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းနိုင်ရေး လုပ်ထုံး လုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်။

၇၂။ အာမခံကြေး ပြန်လည်ထုတ်ပေးခြင်း ကိစ္စနှင့်စပ်လျဉ်း၍ အဆင့်ဆင့် တင်ပြဆောင်ရွက်ရာတွင် လျှောက်လွှာတင်သည့် ရက်မှ ရက်ပေါင်း ၆၀ အတွင်း လျှောက်ထားသူသို့ အာမခံကြေး ပြန်လည် ထုတ်ပေး နိုင်ရန် ဆောင်ရွက်ရမည်။

## အခန်း(၉)

## ဥပဒေကြောင်းအရတရားစွဲဆိုခြင်း

၇၃။ မည်သူမဆို မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြု ခွင့်ရှိသောမြေပေါ်ရှိ ပစ္စည်းနှင့်စပ်လျဉ်း၍ အကျိုးဖျက်ဆီးကြောင်းကိုလည်း ကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူ သို့မဟုတ် ယင်း၏ကိုယ်စားတာဝန်ရှိသူ၏ ခွင့်ပြုခြင်းမရှိဘဲ ယင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရှိသော မြေတွင် ဝင်ရောက်ကျူးကျော် လုပ်ကိုင်ကြောင်းကို လည်း ကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူ ကိုဖြစ်စေ၊ ထိုသူ၏ သဘောတူခွင့်ပြုချက်အရ လုပ်ကိုင်သူကို ဖြစ်စေ၊ ယင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရှိသော မြေတွင် လုပ်ငန်းဆောင်ရွက်မှုကို ဟန့်တား နှောင့်ယှက်ကြောင်းကို လည်းကောင်း ပေါ်ပေါက် လျှင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၂၆၊ ၂၇ နှင့် ၂၈ တို့အရ အရေးယူရန် တရားစွဲဆိုနိုင်သည်။

၇၄။ မည်သူမဆို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပြန်လည်ရုပ်သိမ်းထားသည့်မြေပေါ်မှ ထွက်ခွာဖယ်ရှားပေးရန် ပျက်ကွက်ကြောင်းပေါ်ပေါက်လျှင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၂၉ အရ အရေးယူရန် တရားစွဲဆိုနိုင်သည်။

## အခန်း(၁၀)

## အထွေထွေ

၇၅။ ဗဟိုကော်မတီသည် နိုင်ငံတော်၏ မြေအသုံးချရေးမူဝါဒ ပီပြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သော အကြံပြုချက်များကို ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြရမည်။

၇၆။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အကောင်အထည် ဖော်ဆောင်ရွက်မှု အခြေအနေကို ဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့များထံ သတ်မှတ်ချက်များ နှင့်အညီ တင်ပြစေရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူအား ညွှန်ကြားနိုင်သည်။

၇၇။ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့များသည် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အပြည့်အစုံကို ဗဟိုကော်မတီသို့ သုံးလလျှင်တစ်ကြိမ် အစီရင်ခံစာနှင့် ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် မတ်လ ၃၁ ရက်နေ့ အထိ နှစ်ချုပ် အစီရင်ခံစာ တို့ကို တင်ပြရမည်။



၇၈။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှု အခြေအနေနှင့်လုပ်ငန်းဆောင်ရွက်မှုအခြေအနေအပြည့်အစုံကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ခြောက်လလျှင် တစ်ကြိမ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့် မတ်လ ၃၁ ရက်နေ့အထိ နှစ်ချုပ် အစီရင်ခံစာတို့ကို တင်ပြရမည်။

၇၉။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေအရ ဖွဲ့စည်းသောဗဟိုကော်မတီသည် ယင်းဥပဒေမပြဋ္ဌာန်းမီက ဖွဲ့စည်းခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆက်ခံဆောင်ရွက်ရမည်။

(ပုံ) မြင့်လှိုင်
ပြည်ထောင်စုဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ပုံစံ-၁

**ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်ပင်**
**စိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်လျှောက်လွှာ**

ရုံးတံဆိပ်

သို့

မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ
နေပြည်တော်။
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့
............တိုင်းဒေသကြီး/ပြည်နယ်၊..................မြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

၁။ လျှောက်ထားသူအမည်/အဖွဲ့အစည်း ..........................................

၂။ နိုင်ငံသား/အမျိုးသားစိစစ်ရေးကတ်အမှတ်..........................................

၃။ အဘအမည်..........................................

၄။ အလုပ်အကိုင်..........................................

၅။ အမြဲနေထိုင်သည့်နေရပ်လိပ်စာ..........................................

၆။ လျှောက်ထားသည့်မြေလွတ်၊မြေလပ်၊မြေရိုင်းနှင့်စပ်လျဉ်းသည့် အချက်အလက်များ

----------------------တိုင်းဒေသကြီး/ပြည်နယ်၊---------------------- ခရိုင်

| မြို့နယ် | ရပ်ကွက်/ ကျေးရွာ အုပ်စု | ကွင်း | | ဦးပိုင်/ မြေ ကွက် အမှတ် | မြေ အမျိုး အစား | ဧရိယာ (ဧက) | မှတ် ချက် |
|---|---|---|---|---|---|---|---|
| | | အမှတ် | အမည် | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | | | | | | |

အထက်ဖော်ပြပါမြေအတွက် သက်ဆိုင်ရာမြေစာရင်းဦးစီးဌာနမှ မှန်ကန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးထားသည့်မြေပုံ (၂)ပုံ ပူးတွဲတင်ပြပါသည်။

မှတ်ချက်။ မြေစာရင်းဦးစီးဌာန၏ကွင်းမြေပုံတွင် ဦးပိုင်အမှတ်မပေးရသေးသောမြေ ဖြစ်ပါက ပုံကြမ်း (၂)ပုံ သာ ပူးတွဲတင်ပြရမည်။



၇။ စိုက်ပျိုးလုပ်ကိုင်လိုသည့် သီးနှံ ----------------------------------------

၈။ လျှောက်ထားသူသည် မြန်မာနိုင်ငံသား/ နိုင်ငံခြားသား / မြန်မာနိုင်ငံသားများသာ ပါဝင်သော အဖွဲ့အစည်း/ နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်း ဖြစ် ပါသည်။

၉။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေများပါ စည်းကမ်းချက်များနှင့် ဗဟိုကော်မတီမှသတ်မှတ်သည့် စည်းကမ်းချက်များကို လိုက်နာပါမည်။

၁၀။ သတ်မှတ်ထားသော အာမခံကြေးငွေကို ပေးသွင်းပါမည်။

၁၁။ ကောက်ခံမည့် မြေခွန်များကို သတ်မှတ်ကာလအတွင်း ပေးသွင်းပါမည်။

၁၂။ တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်း ဖြစ်ပါသည်။ အဖွဲ့အစည်း အမည်နှင့်တည်နေရာ၊ မှတ်ပုံတင်အမှတ်၊ မှတ်ပုံတင်သည့်နေ့စွဲနှင့် အသင်းသားဦးရေစာရင်းတို့ကို ပူးတွဲ တင်ပြပါသည်။

၁၃။ လျှောက်ထားသော လုပ်ငန်းအတွက် လုံလောက်သောမတည်ရင်းနှီးငွေ ရှိကြောင်း ခိုင်လုံသော အထောက်အထားပူးတွဲတင်ပြပါသည်။

၁၄။ အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက်ကို ပူးတွဲတင်ပြပါသည်။

လျှောက်ထားသူလက်မှတ်

လျှောက်လွှာလက်ခံရရှိသူလက်မှတ်၊----------------------------

လက်ခံသူအမည်/ရာထူး၊----------------------------

လက်ခံရရှိသည့်နေ့စွဲ/နေရာ၊----------------------------

ပုံစံ-၁က

## နှစ်ရှည်ပင် ထပ်မံတိုးချဲ့စိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်လျှောက်လွှာ

ရုံးတံဆိပ်

သို့

ခြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ
နေပြည်တော်။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

၁။ လျှောက်ထားသူအမည်/အဖွဲ့အစည်း ..........................................
၂။ နိုင်ငံသား/အမျိုးသားစိစစ်ရေးကတ်အမှတ်..........................................
၃။ အဘအမည်..........................................
၄။ အလုပ်အကိုင်..........................................
၅။ အမြဲနေထိုင်သည့်နေရပ်လိပ်စာ..........................................
၆။ ယခင်လုပ်ကိုင်ခွင့်ပြုပြီးသောမြေလွတ်၊မြေလပ်၊မြေရိုင်းနှင့်စပ်လျဉ်းသည့်အချက်အလက်များ

-------------------တိုင်းဒေသကြီး/ပြည်နယ်၊-------------------- ခရိုင်

| အမှတ်စဉ် | မြို့နယ် | ရပ်ကွက်/ကျေးရွာအုပ်စု | ကွင်း | | ဧရိယာ | | ခွင့်ပြုသည့် | |
|---|---|---|---|---|---|---|---|---|
| | | | အမှတ် | အမည် | ဧက | ဒသမ | ခုနှစ် | အမှုတွဲအမှတ် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |

၇။ ထပ်မံလျှောက်ထားသည့် မြေလွတ်၊မြေလပ်၊မြေရိုင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များ

----------------------တိုင်းဒေသကြီး/ပြည်နယ်၊----------------- ခရိုင်

| မြို့နယ် | ရပ်ကွက်/ကျေးရွာအုပ်စု | ကွင်း | | ဦးပိုင်/မြေကွက်အမှတ် | မြေအမျိုးအစား | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | အမှတ် | အမည် | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | | | | | | |

အထက်ဖော်ပြပါမြေများအတွက် သက်ဆိုင်ရာမြေစာရင်းဦးစီးဌာနမှ မှန်ကန်ကြောင်း သက်သေခံ လက်မှတ်ရေးထိုးထားသည့် မြေပုံ (၂)ပုံ ပူးတွဲတင်ပြပါသည်။

မှတ်ချက်။ မြေစာရင်းဦးစီးဌာန၏ ကွင်းမြေပုံတွင် ဦးပိုင်အမှတ် မပေးရသေးသောမြေ ဖြစ်ပါက ပုံကြမ်း (၂) ပုံသာ ပူးတွဲပေးပို့ရမည်။



၈။ မူလခွင့်ပြုပြီး ဧရိယာ၏ (၇၅)ရာခိုင်နှုန်းအား အပြည့်အဝ အမှန်တကယ် စိုက်ပျိုးပြီး ဖြစ်ပါသည်။

၉။ စိုက်ပျိုးလုပ်ကိုင်လိုသည့် သီးနှံ ------------------------------------

၁၀။ လျှောက်ထားသူသည် မြန်မာနိုင်ငံသား/ နိုင်ငံခြားသား / မြန်မာနိုင်ငံသားများသာ ပါဝင်သော အဖွဲ့အစည်း/ နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်း ဖြစ်ပါသည်။

၁၁။ မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊နည်းဥပဒေများပါ စည်းကမ်းချက်များနှင့် ဗဟိုကော်မတီမှသတ်မှတ်သည့် စည်းကမ်းချက်များကို လိုက်နာပါမည်။

၁၂။ သတ်မှတ်ထားသော အာမခံကြေးငွေကို ပေးသွင်းပါမည်။

၁၃။ ကောက်ခံမည့် မြေခွန်များကို သတ်မှတ်ကာလအတွင်း ပေးသွင်းပါမည်။

၁၄။ တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်း ဖြစ်ပါသည်။ အဖွဲ့အစည်း တည်နေရာ၊ မှတ်ပုံတင်အမှတ်၊ မှတ်ပုံတင်သည့်နေ့စွဲနှင့် အသင်းသား ဦးရေ စာရင်းတို့ကို ပူးတွဲ တင်ပြပါသည်။

၁၅။ လျှောက်ထားသော လုပ်ငန်းအတွက် လုံလောက်သောမတည်ရင်းနှီးငွေ ရှိကြောင်း ခိုင်လုံသော အထောက်အထားပူးတွဲတင်ပြပါသည်။

၁၆။ အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက်ကို ပူးတွဲတင်ပြပါသည်။

လျှောက်ထားသူလက်မှတ်

လျှောက်လွှာလက်ခံရရှိသူလက်မှတ်၊------------------------------
လက်ခံသူအမည်/ရာထူး၊------------------------------
လက်ခံရရှိသည့်နေ့စွဲ/နေရာ၊------------------------------

ပုံစံ-၂

**မွေးမြူရေးလုပ်ငန်းအတွက်အသုံးပြုခွင့် လျှောက်လွှာ**

ရုံးတံဆိပ်

**သို့**

**မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ**
**နေပြည်တော်။**

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

၁။ **လျှောက်ထားသူအမည်/အဖွဲ့အစည်း** ..................................................

၂။ **နိုင်ငံသား/အမျိုးသားစိစစ်ရေးကတ်အမှတ်**..................................................

၃။ **အဘအမည်**..................................................

၄။ **အလုပ်အကိုင်**..................................................

၅။ **အမြဲနေထိုင်သည့်နေရပ်လိပ်စာ**..................................................

၆။ **လျှောက်ထားသည့်မြေလွတ်၊မြေလပ်၊မြေရိုင်းနှင့်စပ်လျဉ်းသည့် အချက်အလက်များ**

------------------------တိုင်းဒေသကြီး/ပြည်နယ်၊ ------------------ခရိုင်

| မြို့နယ် | ရပ်ကွက်/ ကျေးရွာ အုပ်စု | ကွင်း | | ဦးပိုင်/ မြေကွက် အမှတ် | မြေ အမျိုး အစား | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | အမှတ် | အမည် | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | | | | | | |

**အထက်ဖော်ပြပါမြေအတွက်** သက်ဆိုင်ရာမြေစာရင်းဦးစီးဌာနမှ မှန်ကန်ကြောင်း သက်သေခံ **လက်မှတ် ရေးထိုးထားသည့်မြေပုံ** (၂)ပုံ ပူးတွဲတင်ပြပါသည်။

**မှတ်ချက်။** **မြေစာရင်းဦးစီးဌာန**၏ ကွင်းမြေပုံတွင် ဦးပိုင်အမှတ် မပေးရသေးသော **မြေဖြစ်ပါက** ပုံကြမ်း (၂) ပုံသာ ပူးတွဲတင်ပြရမည်။



၇။ မွေးမြူလိုသည့် လုပ်ငန်းအမျိုးအစား ------------------------------------------------

၈။ လျှောက်ထားသူသည် မြန်မာနိုင်ငံသား/ နိုင်ငံခြားသား / မြန်မာနိုင်ငံသားများသာ ပါဝင်သော အဖွဲ့အစည်း/ နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်း ဖြစ်ပါသည်။

၉။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေများပါ စည်းကမ်းချက်များနှင့် ဗဟိုကော်မတီမှ သတ်မှတ်သည့် စည်းကမ်းများကို လိုက်နာပါမည်။

၁၀။ သတ်မှတ်ထားသော အာမခံကြေးငွေကို ပေးသွင်းပါမည်။

၁၁။ ကောက်ခံမည့် မြေခွန်များကို သတ်မှတ်ကာလအတွင်း ပေးသွင်းပါမည်။

၁၂။ တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်း ဖြစ်ပါသည်။ အဖွဲ့အစည်း တည်နေရာ၊ မှတ်ပုံတင်အမှတ်၊ မှတ်ပုံတင်သည့်နေ့စွဲနှင့် အသင်းသား ဦးရေစာရင်းတို့ကို ပူးတွဲ တင်ပြပါသည်။

၁၃။ လျှောက်ထားသော လုပ်ငန်းအတွက် လုံလောက်သောမတည်ရင်းနှီးငွေ ရှိကြောင်း ခိုင်လုံသော အထောက်အထားပူးတွဲတင်ပြပါသည်။

၁၄။ အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက်ကို ပူးတွဲတင်ပြပါသည်။

လျှောက်ထားသူလက်မှတ်

လျှောက်လွှာလက်ခံရရှိသူလက်မှတ်၊-------------------------------

လက်ခံသူအမည်/ရာထူး၊-------------------------------------------

လက်ခံရရှိသည့်နေ့စွဲ/နေရာ၊------------------------------------------

ပုံစံ-၃

## ဓာတ်သတ္တုထုတ်လုပ်ခြင်းအတွက် အသုံးပြုခွင့်လျှောက်လွှာ

ရုံးတံဆိပ်

သို့

မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ
နေပြည်တော်။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

၁။ ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် လျှောက်ထားပါက ဖြည့်စွက်ရန်

(က) အမည် ------------------------------------------------------------

(ခ) နိုင်ငံသား/အမျိုးသားစိစစ်ရေးကတ်အမှတ်------------------------------

(ဂ) အမြဲနေထိုင်သည့်နေရပ်လိပ်စာ သို့မဟုတ် ဆက်သွယ်ရန်လိပ်စာ----------
------------------------------------------------------------

၂။ အဖွဲ့အစည်းအနေဖြင့် လျှောက်ထားပါက ဖြည့်စွက်ရန်

(က) အဖွဲ့အစည်းအမည်------------------------------------------------------------
------------------------------------------------------------
(နိုင်ငံပိုင် အဖွဲ့အစည်းဖြစ်ပါက ဝန်ကြီးဌာနအမည်ကို ဖော်ပြရန်)

(ခ) အဖွဲ့အစည်းမှတ်ပုံတင်အမှတ်/အသင်းအဖွဲ့ မှတ်ပုံတင်အမှတ်-------------
------------------------------------------------------------
----- (အဖွဲ့အစည်း / အသင်းအဖွဲ့၏ မှတ်ပုံတင်ဓာတ်ပုံမိတ္တူပူးတွဲတင်ပြရန်)

(ဂ) မှတ်ပုံတင်ထားသည့်အဖွဲ့အစည်း၏ တည်ရာလိပ်စာ-----------------------
------------------------------------------------------------

(ဃ) အရင်းအနှီးကို အစုရှယ်ယာဖြင့် မတည်ထားပါက အစုရှယ်ယာ ၅% အထက် ပိုမိုပိုင်ဆိုင်သော သို့မဟုတ် အကျိုးအမြတ်နှင့်သက်ဆိုင်သော အစုရှယ်ယာရှင်များ၏ အချက်အလက်များ------------------------------
------------------------------------------------------------
------------------------------------------------------------
(ပူးတွဲပေးရန်)

၃။ ဓာတ်သတ္တုထုတ်လုပ်လိုသည့်ဧရိယာ၏-

(က) တည်နေရာ (တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊မြို့နယ်၊ ကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည်) --------------------------------------
------------------------------------------------------------
------------------------------------------------------------

(ခ) အကျယ်အဝန်း (စတုရန်းကီလိုမီတာ)/ဧရိယာ(ဧက)------------------------
(တည်နေရာအတွက် ၁လက်မ= ၁မိုင်စကေးမြေပုံ၊ အကျယ်အဝန်းအတွက် ၁:၅၀၀၀၀ စကေး သို့မဟုတ် မိမိလျှောက်ထားသည့် အကျယ်အဝန်းကို ပေါ်လွင်ထင်ရှားစွာဖော်ပြနိုင်မည့် စကေးမြေပုံတို့ကို မြေကြီးမြေပုံ မှန်ကန်ရေးအတွက် သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာန၏ အတည်ပြုချက်ဖြင့် ပူးတွဲတင်ပြရန်)



၄။ ထုတ်လုပ်လိုသည့် ဓာတ်သတ္တုအမျိုးအစား------------------------------
------------------------------------------------------------ (နမူနာပူးတွဲတင်ပြရန်)

၅။ သတ္တုတွင်းထူထောင်မှုကာလ------------------------------------------------------------
------------------------------------------------------------

၆။ ထုတ်လုပ်လိုသည့်ကာလအပိုင်းအခြား------------------------------------------------------------
------------------------------------------------------------

၇။ ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန်ဖြစ်ပါက-

(က) အောက်ပါတို့ပါဝင်သောတူးဖော်မှုနှင့်ဆင့်တက်ပြုပြင်မှုလုပ်ငန်း အစီအစဉ်-

(၁) စီးပွားဖြစ်ထုတ်လုပ်ရန် ခန့်မှန်းသည့်နေ့၊

(၂) တစ်လ သို့မဟုတ် တစ်နှစ်ထုတ်လုပ်ရန် ခန့်မှန်းသည့် တန်ချိန် ပမာဏ၊

(၃) ထုတ်လုပ်လိုသည့် ဓာတ်သတ္တုထုတ်ကုန်များ၏ အမျိုးအစား၊

(၄) ထုတ်လုပ်လိုသည့် ဓာတ်သတ္တုထုတ်ကုန်များ၏ ပြန်ရနှုန်း၊

(၅) မတည်ရင်းနှီးမြှုပ်နှံမှုခန့်မှန်းချက်၊

(၆) ဓာတ်သတ္တုတူးဖော်မှုလုပ်ငန်းအတွက် လိုအပ်သော စက်ပစ္စည်း ကိရိယာများနှင့် ဝန်ဆောင်မှုလုပ်ငန်းများစာရင်း၊

(၇) ထုတ်လုပ်မှုကုန်ကျစရိတ်၊

(၈) ဓာတ်သတ္တုထုတ်ကုန်များအား ရောင်းချဖြန့်ဖြူးမှုအစီအစဉ်၊

(၉) ဝင်ငွေများနှင့် ငွေသားစီးဆင်းမှုဖော်ပြချက်၊

(၁၀) မျှော်မှန်းသည့် မတည်ငွေကြေးရနိုင်မည့်နည်းလမ်း၊ အချိန်ကာလ နှင့် အဖွဲ့အစည်း တို့၏ အသေးစိတ်အချက်အလက်များ။

၈။ ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန်ဖြစ်ပါက ဓာတ်သတ္တုများအား ထိရောက်စွာ အကျိုးရှိစွာ တူးဖော်ထုတ်လုပ်မည့် လုပ်ငန်းအစီအစဉ်နှင့်ဖြန့်ဖြူး ရောင်းချမှု အစီအစဉ် (တူးဖော်မည့်နည်းစနစ်၊ လူအင်အား/စက်အင်အား၊ တစ်နှစ်ထုတ်လုပ်မည့်တန်ချိန် ပမာဏ၊ ပြည်တွင်း ဖြန့်ဖြူးရောင်းချမှု သက်သက် သို့မဟုတ် နိုင်ငံခြားသို့ တင်ပို့မည့် စသည်ဖြင့် ပြည့်စုံစွာဖော်ပြရန်)

၉။ ဓာတ်သတ္တု အကြီးစား/အသေးစားထုတ်လုပ်မှုကြောင့် ထိခိုက်ပျက်စီးမည့်မြေများအား ပြန်လည်ထူထောင်ခြင်း၊ မူလအခြေအနေသို့ အဆင့်ဆင့် ပြုပြင်ခြင်း၊ မြေပြင်ရေနှင့်မြေအောက်ရေများကို ပျက်စီးမှုလျော့နည်းစေရန်အတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်များ-------------- (ပူးတွဲပေးရန်) ------------------------------

၁၀။ ဓာတ်သတ္တုအကြီးစား/အသေးစားထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်နှင့်သမိုင်းဝင် အထိမ်းအမှတ်များ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအား ထိခိုက်နိုင်မှုများနှင့် ထိခိုက်မှုများမဖြစ်စေရန် ထိန်းသိမ်းကာကွယ်ဆောင်ရွက်ပေးမည့် အစီအစဉ်များ------------- (ပူးတွဲပေးရန်) ------------------------------
------------------------------------------------------------

၁၁။ ဓာတ်သတ္တု အကြီးစား/အသေးစားထုတ်လုပ်မှုကြောင့် ကြုံတွေ့နိုင်သည့် ကျန်းမာရေး အန္တရာယ် သို့မဟုတ် အခြားအန္တရာယ်များအား ကာကွယ်ရန်၊ လျှော့ပါးရန်၊ ထိန်းချုပ် သို့မဟုတ် ဖယ်ရှားရန် အတွက်အစီအစဉ်များ-----------------------------------------------------------------(ပူးတွဲပေးရန်)

၁၂။ ဓာတ်သတ္တု အကြီးစား/အသေးစားထုတ်လုပ်ရန် မျှော်မှန်းသည့် အထောက်အကူပြုမှုနှင့်စပ်လျဉ်း၍ လိုအပ်သည့် အသေးစိတ်အချက်အလက်များနှင့် ဝန်ကြီးဌာနသို့မဟုတ် ဦးစီးဌာနက လျှောက်ထားသူအတွက် စဉ်းစားပေးစေလိုသည့် အခြားကိစ္စရပ်များ---------------------------------------------------------------------------(ပူးတွဲပေးရန်)

၁၃။ လျှောက်ထားသူသည် မြန်မာနိုင်ငံအတွင်း လွန်ခဲ့သော ၄ နှစ်အတွင်းက ကိုင်ဆောင်ထားသော ဓာတ်သတ္တုလုပ်ပိုင်ခွင့်တစ်ခုခု၏ အသေးစိတ်များ သို့မဟုတ် အခြားနိုင်ငံတစ်ခုတွင် လျှောက်ထားသူ သို့မဟုတ် အခြားသူ တစ်ဦးဦးက လျှောက်ထားသူနှင့် ပူးပေါင်း၍ လုပ်ကိုင်နေသည့် အလားတူ ဓာတ်သတ္တုလုပ်ပိုင်ခွင့်၏ အသေးစိတ်အချက်အလက်များ -----------------------------------------------------------------------------

(နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် အကျုံးဝင်သူများသာဤအချက်ကိုပူးတွဲဖော်ပြပေးရန်)

၁၄။ မြန်မာနိုင်ငံသားများအား အလုပ်ခန့်ထားခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် အလုပ်အကိုင်တိုးမြှင့် ပေးခြင်းတို့နှင့် သက်ဆိုင်သော အချက်အလက်များ----------------------------------------------------------------------

(နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်အကျုံးဝင်သူများသာ ဤအချက်ကို ပူးတွဲဖော်ပြပေးရန်)

၁၅။ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်-
အထက်ဖော်ပြပါအချက်အလက်များနှင့်ပူးတွဲပါအချက်အလက်များအားလုံး မှန်ကန်ကြောင်းနှင့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာမည် ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ် ----------------------------
အမည် ----------------------------
နိုင်ငံသား/အမျိုးသားစိစစ်ရေးကတ်အမှတ်-------------------
(အဖွဲ့အစည်းဖြစ်ပါက အဖွဲ့အစည်းကိုယ်စားလက်မှတ်ရေးထိုးခွင့်ရှိသူဖြစ်ရပါမည်)

လျှောက်လွှာလက်ခံရရှိသူလက်မှတ်၊-------------------------------
လက်ခံသူအမည်/ရာထူး၊-------------------------------
လက်ခံရရှိသည့်နေ့စွဲ/နေရာ၊-------------------------------



ပုံစံ - ၄

**အစိုးရက ခွင့်ပြုသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်လွှာ**

သို့

ရုံးတံဆိပ်

မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ
နေပြည်တော်။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

၁။ လျှောက်ထားသူအမည်/အဖွဲ့အစည်း ..........................................................

၂။ နိုင်ငံသား/အမျိုးသားစိစစ်ရေးကတ်အမှတ်..........................................................

၃။ အဘအမည်..........................................................

၄။ အလုပ်အကိုင်..........................................................

၅။ အမြဲနေထိုင်သည့်နေရပ်လိပ်စာ..........................................................

၆။ လျှောက်ထားသည့်မြေလွတ်၊မြေလပ်၊မြေရိုင်းနှင့် စပ်လျဉ်းသည့် **အချက်အလက်များ**

-----------------------တိုင်းဒေသကြီး/ပြည်နယ်၊ -----------------ခရိုင်

| မြို့နယ် | ရပ်ကွက်/ ကျေးရွာအုပ်စု | ကွင်း | | ဦးပိုင်/ မြေကွက် အမှတ် | မြေ အမျိုး အစား | **ဧရိယာ (ဧက)** | **မှတ် ချက်** |
|---|---|---|---|---|---|---|---|
| | | အမှတ် | အမည် | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | | | | | | |

အထက်ဖော်ပြပါမြေအတွက် သက်ဆိုင်ရာမြေစာရင်းဦးစီးဌာနမှ မှန်ကန်ကြောင်း **သက်သေခံ** လက်မှတ် ရေးထိုးထားသည့်မြေပုံ (၂)ပုံ ပူးတွဲတင်ပြပါသည်။

မှတ်ချက်။ မြေစာရင်းဦးစီးဌာန၏ ကွင်းမြေပုံတွင် ဦးပိုင်အမှတ် **မပေးရသေးသောမြေ** ဖြစ်ပါက ပုံကြမ်း (၂) ပုံသာ ပူးတွဲတင်ပြရမည်။

၇။ လုပ်ကိုင်လိုသည့် လုပ်ငန်း ------------------------------------------------

၈။ လျှောက်ထားသူသည် မြန်မာနိုင်ငံသား/ နိုင်ငံခြားသား / မြန်မာနိုင်ငံသားများသာ ပါဝင်သော အဖွဲ့အစည်း/ နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်း ဖြစ်ပါသည်။

၉။ မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေ၊နည်းဥပဒေများပါ စည်းကမ်းချက်များနှင့် ဗဟိုကော်မတီမှ သတ်မှတ်သည့် စည်းကမ်းများကို လိုက်နာပါမည်။

၁၀။ သတ်မှတ်ထားသော အာမခံကြေးငွေကို ပေးသွင်းပါမည်။

၁၁။ ကောက်ခံမည့် မြေခွန်များကို သတ်မှတ်ကာလအတွင်း ပေးသွင်းပါမည်။

၁၂။ တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်း ဖြစ်ပါသည်။ အဖွဲ့အစည်း တည်နေရာ၊ မှတ်ပုံတင်အမှတ်၊ မှတ်ပုံတင်သည့်နေ့စွဲနှင့် အသင်းသားဦးရေ စာရင်းတို့ကို ပူးတွဲ တင်ပြပါသည်။

၁၃။ လျှောက်ထားသော လုပ်ငန်းအတွက် လုံလောက်သောမတည်ရင်းနှီးငွေ ရှိကြောင်း ခိုင်လုံသော အထောက်အထားပူးတွဲတင်ပြပါသည်။

၁၄။ အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက်ကို ပူးတွဲတင်ပြပါသည်။

လျှောက်ထားသူလက်မှတ်

လျှောက်လွှာလက်ခံရရှိသူလက်မှတ်၊-----------------------------

လက်ခံသူအမည်/ရာထူး၊-----------------------------

လက်ခံရရှိသည့်နေ့စွဲ/နေရာ၊-----------------------------



ပုံစံ - ၅

ရုံးတံဆိပ်

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်လွှာမှတ်ပုံတင်စာရင်း

-------------- တိုင်းဒေသကြီး/ပြည်နယ် -------------- မြို့နယ် -------------- ခရိုင် -------------- ရပ်ကွက်/ကျေးရွာအုပ်စု

| စဉ် | လျှောက်ထားသူ | | | | | | | လျှောက်ထားသည့်မြေ | | | | | လျှောက်လွှာစတင်ရရှိသည့်နေ့ | လျှောက်လွှာစိစစ်ရန်ပေးပို့သည့်နေ့ | လုပ်ငန်းစာတွဲရရှိသည့်နေ့ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အမည် | လူမျိုး | အဘအမည် | အသက် | နိုင်ငံသား/အမျိုးသားစိစစ်ရေးကတ်အမှတ် | အလုပ်အကိုင် | နေရပ် | ရပ်ကွက်/ကျေးရွာအုပ်စု | ကွင်းအမှတ်/အမည် | ဦးပိုင်/မြေကွက်အမှတ် | မြေမျိုး | ဧရိယာ(ဧက) | | | |
| | | | | | | | | | | | | | | | |

ပုံစံ - ၆

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန**
**------------------ တိုင်းဒေသကြီး/ပြည်နယ်၊ ------------ ခရိုင်၊ -------------- မြို့နယ်**
**မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားခြင်းကို**
**ကန့်ကွက်လိုသူတို့က ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့် ကြော်ငြာစာ**

**အများပြည်သူသိရှိရန် ကြေညာလိုက်သည်မှာ-**

-------------- တိုင်းဒေသကြီး/ပြည်နယ်၊ ----------- ခရိုင်၊ ------------မြို့နယ်၊ ---- ---------- ရပ်ကွက်/ကျေးရွာအုပ်စု၊ ကွင်းအမှတ်---------------၊ ဦးပိုင်အမှတ် ---------၊ ဧရိယာ------------- ဧကရှိ ပူးတွဲပါမြေပုံပေါ်တွင် ဖော်ပြပါရှိသော မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းကို ဦး/ဒေါ်/အဖွဲ့အစည်း------------------------ က ------------------ အတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိရန် လျှောက်ထားသဖြင့် အဆိုပါမြေကို လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်မပြုသင့်ကြောင်းကန့်ကွက်လိုလျှင် ၂၀------- ခုနှစ်၊-------လ၊------- ရက်မတိုင်မီ မည်သူမဆို လာရောက်ကန့်ကွက်နိုင်သည်။ ထိုနေ့ရက်ကျော်လွန်မှတင်သွင်းလာသည့် ကန့်ကွက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း၊ အကယ်၍ထိုနေ့ မတိုင်မီသော်လည်းကောင်း၊ ထိုနေ့ရက်သော်လည်းကောင်း ကန့်ကွက်လွှာများမရလျှင် လျှောက်ထားသည့်အတိုင်း ဦး/ဒေါ်/အဖွဲ့အစည်း--------------- အား လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

<u>မြေ၏နယ်နိမိတ်</u>

မြောက် -------------------

အရှေ့ -------------------

တောင် -------------------

အနောက်-------------------

ရုံးတံဆိပ်

မြို့နယ်မြေစာရင်းဦးစီးဌာနမှူး
------------------------- မြို့။

ရက်စွဲ၊-------------------



ပုံစံ - ၇

မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့် ၊ အသုံးပြုခွင့် စစ်ဆေးချက်

၁။ **လျှောက်ထားသူနှင့်ပတ်သက်သည့်အချက်များ**
(က) လျှောက်ထားသူအမည်/အဖွဲ့အစည်း ----------------------------------
(ခ) နိုင်ငံသား/အမျိုးသားစိစစ်ရေးကတ်အမှတ် ----------------------
(ဂ) အဘအမည် ----------------------
(ဃ) အလုပ်အကိုင် ----------------------
(င) အမြဲနေထိုင်သည့်နေရပ်လိပ်စာ ----------------------
----------------------------------------------------------------

၂။ **လျှောက်ထားသည့်မြေလွတ်၊မြေလပ်၊မြေရိုင်းနှင့်ပတ်သက်သောအချက်အလက်များ**
(က) တိုင်းဒေသကြီး/ပြည်နယ် ----------------------------------
(ခ) မြို့နယ် ----------------------------------
(ဂ) ရပ်ကွက်/ကျေးရွာအုပ်စု ----------------------------------
(ဃ) ကွင်းအမှတ်/အမည် ----------------------------------
(င) ဦးပိုင်/မြေကွက်အမှတ် ----------------------------------
(စ) မြေမျိုးအမည်----------------------------------
(ဆ) ဧရိယာ(ဧက) ----------------------------------
မှတ်ချက်။ ပူးတွဲ(၁)ဇယားဖြင့် သီးခြားတင်ပြရန်။

၃။ **လျှောက်ထားသည့်အကြောင်းအရာ**
----------------------------------------------------------------
----------------------------------------------------------------

၄။ **လျှောက်ထားသည့်မြေလွတ်၊မြေလပ်၊မြေရိုင်းနှင့်ပတ်သက်၍ စိစစ်တွေ့ရှိချက်များ**
(က) အမှန်တကယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဟုတ် မဟုတ် ၊
(ခ) မူလလက်ငုတ် လုပ်ကိုင်နေသူများ ရှိ မရှိ၊
(ဂ) ကျူးကျော်လုပ်ကိုင်နေသူများ ရှိ မရှိ၊
(ဃ) အခြားသူများသို့ လုပ်ပိုင်ခွင့် ချထားပေး ပြီး မပြီး၊
(င) လျှောက်ထားမြေ ထပ်နေခြင်း ရှိ မရှိ၊(အပြိုင်လျှောက်ထားခြင်း ရှိ မရှိ)
(စ) လျှောက်ထားသည့် မြေလွတ်၊မြေလပ်၊မြေရိုင်းသည် သစ်တောကြိုးဝိုင်းအတွင်း ကျရောက်ခြင်းရှိ မရှိဖော်ပြချက်။ ကျရောက်ပါက မြေပေါ်သစ်တောပေါက်ရောက်မှုနှင့် ပတ်ဝန်းကျင်အသုံးပြုမှု အခြေအနေ၊ သက်ဆိုင်ရာဌာနများ၏သဘောထား၊

(ဆ) လျှောက်ထားသည့်မြေလွတ်၊မြေလပ်၊ မြေရိုင်းသည် စားကျက်မြေအတွင်း ကျရောက်ခြင်း ရှိ မရှိ ၊ ကျရောက်ပါက ပယ်ဖျက်ရန်ဆောင်ရွက်မှုအခြေအနေနှင့် သဘောထားရယူတင်ပြရန်၊

(ဇ) လျှောက်ထားသည်မြေလွတ်၊မြေလပ်၊ မြေရိုင်းသည် ငါး၊ ပုစွန်၊ ကဏန်း မွေးမြူရန်ဖြစ်ပါက သီးနှံစိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်သည့်မြေ ဟုတ် မဟုတ်၊ လျှောက်ထားသည့်အတိုင်းခွင့်ပြုပါက ပတ်ဝန်းကျင်သီးနှံ စိုက်ပျိုးမှုကိုထိခိုက်နိုင်မှု ရှိ မရှိနှင့် ဆည်မြောင်းများ၏ ရေစီးရေလာများ အား အနှောင့်အယှက်အတားအဆီးဖြစ်နိုင်ခြင်း ရှိ မရှိ စသည့် အချက်များ အပေါ် သက်ဆိုင်ရာဌာန၏ သဘောထားမှတ်ချက်ရယူတင်ပြရန် ၊

(ဈ) မြေလွတ်၊မြေလပ်၊မြေရိုင်းနှင့်ပတ်သက်သည့် အခြားအချက်အလက်များ၊

------------------------------------------------------------

------------------------------------------------------------

၅။ **ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ စိစစ်တွေ့ရှိချက်များ**

(က) လျှောက်ထားသူ/အဖွဲ့အစည်းက တင်ပြသည့် ရင်းနှီးမြှုပ်နှံမည့် ငွေပမာဏ နှင့် တွက်ချက်မှု၊ ရင်းနှီးမြှုပ်နှံမည့်ငွေရှိကြောင်းအထောက်အထား----------

------------------------------------------------------------

( ခ ) စိစစ်ရရှိသည့် ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် တွက်ချက်မှု----------------------

( ဂ ) လျှောက်ထားသူ/အဖွဲ့အစည်းမှ ပေးသွင်းရမည့် အာမခံကြေး----------------

(ဃ) လျှောက်ထားသူ/အဖွဲ့အစည်းမှ ချေးငွေရလိုကြောင်း တင်ပြပါက ထုတ်ချေး သင့်သည့် ပမာဏ ------------------------------------------------

၆။ **လုပ်ကိုင်/အသုံးပြုမည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ စိစစ်တွေ့ရှိချက်**

(က) လျှောက်ထားသည့်မြေသည် လုပ်ကိုင်/အသုံးပြုမည့်လုပ်ငန်းနှင့် ကိုက်ညီ ဆီလျော်မှု ရှိ မရှိ၊ (သက်ဆိုင်ရာလုပ်ငန်း/ဌာန၏ သဘောထားအပေါ် အခြေခံရန်)------------------------------------------------

------------------------------------------------------------

------------------------------------------------------------

( ခ) လျှောက်ထားသည့်မြေကို လျှောက်ထားသည့်လုပ်ငန်းအတွက် လုပ်ပိုင်ခွင့်/ အသုံးပြုခွင့်ပေးခြင်း၊ အခြားလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်မှု ရှိ မရှိ ------------------------------------------------

------------------------------------------------------------

------------------------------------------------------------



၇။ **လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်နှင့်စပ်လျဉ်း၍ စိစစ်တွေ့ရှိချက်**

(က) လျှောက်ထားသည့်မြေကို လုပ်ကိုင်ဆောင်ရွက်သွားမည့်လုပ်ငန်းအစီအစဉ်

(၁) တောရှင်းခြင်း၊ ငုတ်ထုတ်ခြင်း

- လုပ်ကိုင်သည့်နည်းလမ်း ----------------------------------------
- စတင်မည့်အချိန် (ခန့်မှန်း) ------------------------------------
- ပြီးဆုံးမည့်အချိန်(ခန့်မှန်း) ------------------------------------

(၂) မြေပြုပြင်ခြင်း(မြေညှိခြင်း၊ ထွန်ယက်ခြင်းစသည်များ)

- လုပ်ကိုင်မည့်နည်းလမ်း ----------------------------------------
- စတင်မည့်အချိန် (ခန့်မှန်း) ------------------------------------
